ကြေးမုံ
The Mirror
၁၃၇၃ ခုနှစ်၊ တပို့တွဲလဆန်း ၁၂ ရက်၊ စနေနေ့၊ (4-2-2012) (၇၀၂၅)

**စစ်မှန်သော မျိုးချစ်စိတ်ဓာတ်**

- ☆ ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
- ☆ ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ်ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်သည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် သီရိလင်္ကာနိုင်ငံ သမ္မတထံ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့

နေပြည်တော်   ဖေဖော်ဝါရီ   ၄

၂၀၁၂ ခုနှစ် ဖေဖော်ဝါရီ ၄ ရက်တွင် ကျရောက်သော သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ် သမ္မတနိုင်ငံ၏ (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ မဟင်ဒါရာဂျာပက်ခ်စာထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် သီရိလင်္ကာနိုင်ငံ ဝန်ကြီးချုပ်ထံ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့

နေပြည်တော်   ဖေဖော်ဝါရီ   ၄

၂၀၁၂ ခုနှစ် ဖေဖော်ဝါရီ ၄ ရက်တွင် ကျရောက်သော သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ် သမ္မတနိုင်ငံ၏ (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဒီ အမ်ဂျာယာရတနာထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

# ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေး စတုတ္ထနေ့ ဆက်လက်ကျင်းပ

## ပြည်ထောင်စုလွှတ်တော် နာယက၊ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌနှင့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် (၅၆၆) ဦး တက်ရောက် ဥပဒေကြမ်းများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ရှင်းလင်းတင်ပြ

နေပြည်တော်   ဖေဖော်ဝါရီ   ၃

**ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော်ခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့်၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် (၅၆၆) ဦးတို့ တက်ရောက်ကြသည်။**



ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေး စတုတ္ထနေ့သို့ တက်ရောက်လာကြသူများအား တွေ့ရစဉ်။ (သတင်းစဉ်)

အစည်းအဝေး၌ နိုင်ငံတော်၏ အမျိုးသားစီမံကိန်းဥပဒေကြမ်းများ၊ ၂၀၁၂ ခုနှစ် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်းနှင့် ၂၀၁၂ ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းတို့နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ရှင်းလင်းတင်ပြကြသည်။

ပို့ဆောင်ရေးကဏ္ဍနှင့်စပ်လျဉ်း၍ ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်က ပို့ဆောင်ရေးဝန်ကြီးဌာန၏ မဟာဗျူဟာမြောက် ပို့ဆောင်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးမူဝါဒ၊ လုပ်ငန်းဆောင်ရွက်မှု မူဝါဒရည်မှန်းချက်များ၊ ဘဏ္ဍာရေး မူဝါဒရည်မှန်းချက်များနှင့် အရည်အသွေးမီ စီမံခန့်ခွဲမှု မူဝါဒရည်မှန်းချက်များ၊ အလုပ်အကိုင်ရှာဖွေခန့်ထားရေး ရည်မှန်းချက်များ၊ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ခွင့်ပြုငွေတောင်းခံမှုများ၊ ဦးစီးဌာနများ၊ စီးပွားရေးအဖွဲ့အစည်းများနှင့် ဝန်ကြီးဌာနတစ်ခုလုံး၏ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် ရငွေ၊ သုံးငွေနှင့် ပိုငွေအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းက ဝန်ကြီးဌာန၏ မူဝါဒ၊ ရည်မှန်းချက်နှင့် လုပ်ငန်းစဉ်များ၊ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် ရငွေများနှင့် အသုံးစရိတ်ရန်ပုံငွေခွင့်ပြုချက်၊ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် ပြုပြင်ပြီးခန့်မှန်းခြေ ရငွေလျာထားချက်၊ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် ပြုပြင်ပြီးခန့်မှန်းခြေ အသုံးစရိတ်လျာထားချက်၊ သာမန်အသုံးစရိတ်၊ ငွေလုံးငွေရင်း **စာမျက်နှာ ၃ ကော်လံ ၁ သို့** ❖

## ယနေ့ သတင်း အညွှန်း

**လယ်ယာကဏ္ဍနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် ကျေးရွာသစ် ဖွံ့ဖြိုးစီမံကိန်းလုပ်ငန်းများ ပူးပေါင်းအကောင်အထည်ဖော်ရေး ဆွေးနွေး**
ပြည်တွင်းသတင်း စာမျက်နှာ ၅

**မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲမှုများ အခွင့်အလမ်းသစ်များပံ့ပိုးနိုင်မည်ဟု ယုံကြည် နှစ်နိုင်ငံဘက်ပေါင်းစုံ ကူးလူးဆက်ဆံမှုကို ဆက်လက်အားဖြည့်ရန် ဆန္ဒရှိ**
ပြည်တွင်းသတင်း စာမျက်နှာ ၇

**ကိုကိုအောင်၏**
**“ဒီမိုကရေစီအစစ်အမှန်၊ ရွေးကောက်ပွဲတွင်အခြေခံ လွတ်လပ်မျှတဆောင်ရွက်ရန်”**
ဆောင်းပါးကို စာမျက်နှာ (၆)တွင် ဖော်ပြထားပါသည်။

ကြေးမုံစာတည်းရှုထောင့်

၄-၂-၂၀၁၂[စနေနေ့]။

# မနုဿတ္တ ဘာဝေါ ဒုလ္လဘော

မနုဿတ္တ ဘာဝေါ ဒုလ္လဘောဟု ရှင်တော်ဟောကြားခဲ့သည်။ လူ့ဘဝသည် ရခဲပေစွ။ ရခဲပေစွလူ့ဘဝတွင် လူတို့သည် လူဖြစ်ကျိုးနပ်အောင် လုပ်ဆောင်ကြရမည်ဖြစ်သည်။ လူဖြစ်ပါလျက် အကျင့်ကောင်း၊ အကျင့်မြတ်များ မရှိသူ၊ လူမှုနှုန်းစံမဝင်သူများဖြစ်ကြပါက မည်သည့်လူဟု ခေါ်တွင်မည်နည်း။

ဗုဒ္ဓရှင်တော်မြတ်က လူ လေးမျိုးရှိသည်ဟု မိန့်ကြားတော်မူခဲ့ပါ၏။ ပထမလူမှာ မကောင်းမှုကို အမြဲပြုနေသူ လူ့ငရဲသား ဖြစ်၏။ ဒုတိယလူမှာ အိပ်စားကာမနှင့် အမှုမဲ့နေသူ လူ့တိရစ္ဆာန်ဖြစ်၏။ တတိယလူမှာ အလိုလောဘ အမြဲကြီးနေသူ လူ့ပြိတ္တာ(လူ့အတ္တ)ဖြစ်၏။ စတုတ္ထလူမှာ ကောင်းသော အကျင့်တရားရှိသူ လူမြတ်ဖြစ်၏ဟူ၍ လူတန်းစား လေးမျိုးကို ခွဲခြားမိန့်ဆိုထား၏။ သင်သည် မည်သည့်လူတန်းစားတွင် ပါရှိသနည်း။

လောကလူ့ဘောင်တွင် ဖော်ပြပါလူတန်းစား လေးမျိုးရှိသည့်အနက် စတုတ္ထလူတန်းစား တစ်မျိုးတည်းသာရှိပါက သာယာဝပြောပြီး ချမ်းမြေ့ဖွယ်ကောင်းသည့် လူ့လောကကြီးဖြစ်နေမည်သာဖြစ်၏။ သို့ရာတွင် လူတို့ရွာတွင် ရှင်တော်ဟောကြားထားသည့်အတိုင်း လူတန်းစား လေးမျိုးစလုံးတို့သည် ရောထွေးယှက်တင်နေလျက်ပင်ဖြစ်၏။ သင်သည် သွားသွားလာလာ နေသောအခါတွင် ထိုလူတန်းစား လေးမျိုးစလုံးကို မကြာမတင် တွေ့ရတတ်၏။ ထိုအခါဝယ် သင်၏စိတ်သည် ညစ်ခြင်း၊ ဆင်းရဲခြင်း၊ ညည်းညူခြင်းတို့ ဖြစ်ပေါ်ရ၏။

ရထားစီးလျှင် ရထားစီးသည့်အလျောက်၊ ကားစီးလျှင်ကားစီးသည့်အလျောက်၊ လမ်းလျှောက်လျှင် လမ်းလျှောက်သည့်အလျောက် ဘယ်နေရာ၊ ဘယ်လမ်းသွားသွား တွေ့ရတတ်၏။ လူ့ဗာလကိုလည်း တွေ့ရတတ်၏။ လူ့အတ္တကိုလည်း တွေ့ရတတ်၏။ လူ့ရာဂကိုလည်း တွေ့ရတတ်၏။ ထိုသို့တွေ့တတ်ကြရာတွင် အများဆုံးတွေ့တတ်ကြသည့် လူတန်းစားမှာ လူ့အတ္တများသာ ဖြစ်၏။

မည္သာမတာ ဆန်းစစ်ကြည့်ပါလျှင် မိမိလည်းအပါအဝင်ဖြစ်မည်သာ ဖြစ်၏။ ဥပမာအားဖြင့် ခရီးသွားသည့်အခါတွင် လည်းကောင်း၊ လူအများစောင့်ဆိုင်းရသည့်အခါတွင်သော် လည်းကောင်း လူ့အဇ္ဈတ္တ သရုပ်သကန်သည် မဖုံးနိုင်မဖိနိုင်ဘဲ ပေါ်လာတတ်၏။ ထိုနေရာတွင် ရပ်စောင့်ရသည့်အခါ၌ နေရာကောင်းကောင်း ချောင်ချောင်ချိချိကိုရှာတတ်၏။ တစ်ခါ ထိုင်စရာနေရာ ရှာဖွေတွေ့ရှိပြန်က ထိုနေရာကို သူများထက်ဦးအောင် လုတတ်၏။ ထိုင်စရာနေရာချင်းတူပြန်လျှင်တော့ ပို၍ကောင်းသော နေရာကို ရွေးတတ်၏။ ပို၍ ကောင်းသောနေရာကိုရပြန်တော့ ဒီ့ထက်ပိုကောင်းသော နေရာကို ရှာကြပြန်၏။ ဤကား လူ့အတ္တပင်ဖြစ်၏။

တစ်ခါ လမ်းများပေါ်တွင် ကြုံတွေ့ရတတ်၏။ ယာဉ်များတစ်စီးနှင့်တစ်စီး ကိုယ့်ထက်သာမနာလိုဖြစ်တတ်၏။ ကိုယ်က သူ့ထက်သာအောင် မောင်းပြတတ်၏။ ကိုယ်က သူ့ထက်သာအောင် ကျော်ပြလိုက်သည်ကိုပင် ကိုယ့်ကိုယ်ကိုယ် လူစွမ်းကောင်းဟု ထင်မြင်မိ၏။ အသွားမတော်၍ လမ်းချော်မိသူကိုပင် ဆဲရေးရန်မူတုံ့ပြန်ချင်တတ်၏။ ဤကား လူ့ဗာလဖြစ်၏။ နိုင်ငံကြီးသားပီသသည့် နိုင်ငံများတွင် သူတို့သူတို့ မည်သို့ပင်သွားသွား ကြီးသည့်သူက ငယ်သည့်သူကို ညှာတာတတ်သည့် အလေ့များကို တွေ့ရတတ်၏။ ကြီးရာကြီးရာသည် ငယ်ရာငယ်ရာတို့ကို ညှာတာသွားကြ၏။ လမ်းပေါ်တွင် နောက်ဆုံးအားနည်းသူများမှာ လမ်းလျှောက်သူသာဖြစ်၏။ ထိုသူမည်သို့သွားသွား အားကြီးသူတို့က ခွင့်လွှတ်သည်းခံပေးကြ၏။

ထိုနည်းအတိုင်းပင် သာယာလှပသော လူ့ဘောင်လောကကို ဖန်တီးကြရာတွင် တစ်ဦးအပေါ်တစ်ဦး ညှာတာထောက်ထားကြခြင်းဖြင့် မနုဿတ္တ ဘာဝေါ ဒုလ္လဘော ဟူသည့် ရခဲလှသော လူ့ဘဝတွင် ပထမ၊ ဒုတိယ၊ တတိယဟူသည့် လူတန်းစားမဖြစ်အောင် ဆင်ခြင်နေထိုင်ကြပြီး စတုတ္ထလူတန်းစားလူမြတ်များဖြစ်အောင် ကျင့်ကြံနေထိုင်သွားတတ်ကြဖို့လိုမည် ဖြစ်ပါသည်။ ။



**စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်အား မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး မစ္စတာ လီကျွင်းဟွာ လာရောက်တွေ့ဆုံစဉ်။**

(သတင်းစဉ်)

## ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့

**နေပြည်တော် ဖေဖော်ဝါရီ ၄**

၂၀၁၂ ခုနှစ် ဖေဖော်ဝါရီ ၄ ရက်တွင် ကျရောက်သော သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၏ (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီး ပါမောက္ခ ဂျီ အယ်လ် ပီးရီးစ် ထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့သည်။ (သတင်းစဉ်)

## မြဝတီရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

**၄-၂-၂၀၁၂ (စနေနေ့)**

**နံနက်ပိုင်း**

၇း၀၅ ၁။ တရားတော်

၇း၂၀ ၂။ ဓမ္မပူဇာတေး

၈း၀၀ ၃။ မြဝတီရုပ်မြင်သံကြားသတင်း

**နေ့လယ်ပိုင်း**

၁၁း၂၅ ၁။ ကာတွန်းအစီအစဉ်
-ကြောင်ကလေးအော်ဂီနှင့် ပိုးဟပ်ရုပ်ကလေးများ
(အပိုင်း-၂၇)

၁၂း၀၀ ၂။ **မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် "ရင်ခုန်သံထပ်တူ" (ပြေတီဦး၊ သက်မွန်မြင့်နှင့် သရုပ်ဆောင်များ) (ဒါရိုက်တာ-အောင်ဗပါဝါ)**

၂း၀၀ ၃။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ဖြူစင်သောနှလုံးသား (အပိုင်း-၅၆)**

**ညပိုင်း**

၆း၀၀ ၁။ မြဝတီရုပ်မြင်သံကြားသတင်း

၆း၂၀ ၂။ စားဖိုဆောင်ချစ်သူ

၆း၄၀ ၃။ ထူးခြားဆန်းပြားကမ္ဘာတစ်လွှား

၇း၀၀ ၄။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ကွန်ဖူးဘုရင်ဘရုစ်လီ (အပိုင်း-၁)**

၈း၀၀ ၅။ မြဝတီရုပ်မြင်သံကြားသတင်း

၆။ အမျိုးသားရေးတေးကဗျာ

၇။ နိုင်ငံတကာသတင်း

၈။ မိုးလေဝသသတင်း

၉။ လူ့ရှင်တော်စတား

၁၀။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်

၁၁။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -အချစ်ကြီး. . . ချစ် (အပိုင်း-၁၂)**

၁၂။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -အိမ်အပြန်လမ်း (အပိုင်း-၁၁၈)**

## တရားဝင်ကုန်သွယ်ရေးလမ်းကြောင်းပေါ်သို့ ရောက်ရှိရေးနှင့် ကုန်သွယ်မှုစာရင်းအင်းများ မှန်ကန်ရေးဆွေးနွေး

**နေပြည်တော် ဖေဖော်ဝါရီ ၃**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်အား မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ လီကျွင်းဟွာ ဦးဆောင်သောအဖွဲ့သည် ယနေ့နံနက် ၁၀ နာရီတွင် အဆိုပါဝန်ကြီးရုံး၌ လာရောက်တွေ့ဆုံပြီး မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့အကြား ကုန်သွယ်မှုနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုများ၊ နယ်စပ်ကုန်သွယ်ရေး တိုးတက်ရေးနှင့် အရည်အသွေးမီကုန်စည်များ ကုန်သွယ်ရေး၊ ယခုနှစ် (၉)ကြိမ်မြောက် အာဆီယံ-တရုတ်ကုန်စည်ပြပွဲတွင် မြန်မာနိုင်ငံ အနေဖြင့် Country of Honour အဖြစ်ဆောင်ရွက်မည့် အစီအစဉ်များ၊ နှစ်နိုင်ငံအကြား တရားမဝင်ကုန်သွယ်ရေးလမ်းကြောင်းများမှ တရားဝင်ကုန်သွယ်ရေးလမ်းကြောင်းပေါ်သို့ ရောက်ရှိရေးနှင့် ကုန်သွယ်မှုစာရင်းအင်းများ မှန်ကန်ရေးတို့ကို ဆွေးနွေးကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ထိုင်းနိုင်ငံ ကုန်သွယ်ရေးကိုယ်စားလှယ်အဖွဲ့နှင့် တွေ့ဆုံပြီး နှစ်နိုင်ငံကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု ပူးပေါင်းဆောင်ရွက်ရေး အလားအလာကိစ္စများ ဆွေးနွေးကြသည်။

အဆိုပါတွေ့ဆုံပွဲများသို့ ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်း၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ခဲ့ကြသည်။

(သတင်းစဉ်)



**ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နေ ဦးဝင်းကြည်-ဒေါ်နန်းလှလှဦးတို့၏ သား မောင်အောင်အောင်နှင့် ခရမ်းမြို့နေ ဦးမြင့်ဆွေ (K-Construction) -ဒေါ်ခင်သန်းဝင်းတို့၏ သမီးကြီး မနှင်းဝတ်ရည်တို့၏ မင်္ဂလာဦးအလှူအဖြစ် ခရမ်းမြို့နယ် ဘိုးဘွားရိပ်သာအတွက် အလှူငွေကျပ် ၃၅ သိန်း ပေးအပ်လှူဒါန်းစဉ်။**

(သတင်းစဉ်)

## အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၃ - ၂ -၂၀၁၂

| ငွေကြေးစနစ် | တစ်ဒေါ်လာလျှင်ယူနစ် | တစ်ယူနစ်လျှင်ဒေါ်လာ |
|---|---|---|
| ထိုင်း (ဘတ်) | ၃၀. ၈၆၅၀ | ၀. ၀၃၂၄၀ |
| တရုတ် (ယွမ်) | ၆. ၃၀၅၀၀ | ၀. ၁၅၈၆၀ |
| အိန္ဒိယ (ရူပီး) | ၄၈. ၇၆၅၀ | ၀. ၀၂၀၅၁ |
| မလေးရှား (ရင်းဂစ်) | ၃. ၀၁၀၀၀ | ၀. ၃၃၂၂၃ |
| စင်ကာပူ (ဒေါ်လာ) | ၁. ၂၄၃၆၈ | ၀. ၈၀၄၀၇ |
| ဂျပန် (ယန်း) | ၇၆. ၄၄၅၃ | ၀. ၀၁၃၀၈ |
| တောင်ကိုရီးယား(ဝမ်) | ၁၁၁၈. ၁၉ | ၀. ၀၀၀၈၉ |
| ယူရို | ၀. ၇၆၀၀၈ | ၁. ၃၁၅၆၅ |
| ဗြိတိသျှ (ပေါင်) | ၀. ၆၃၂၃၈ | ၁. ၅၈၁၈၉ |

*အင်တာနက်။*

## မေတ္တာမွန်ပညာရေး ရန်ပုံငွေ ပေးအပ်ပွဲကျင်းပ

**ရမည်းသင်း ဖေဖော်ဝါရီ ၃**

၂၀၁၁ ခုနှစ် ပညာသင်နှစ်အတွက် သူငယ်တန်းမှ ရှစ်တန်းအထိ ပညာထူးချွန်သော ကျောင်းသား ကျောင်းသူများအား ပညာရည်ချွန်ဆုပေးအပ်ပွဲနှင့် ပထမအကြိမ် မေတ္တာမွန် ပညာရေးရန်ပုံငွေ ပေးအပ်ပွဲကို ဇန်နဝါရီ ၁၄ ရက် မွန်းလွဲ ၁ နာရီတွင် ရမည်းသင်းမြို့နယ် ကျီစုကျေးရွာ အလယ်တန်းကျောင်း ခန်းမ၌ ကျင်းပရာ ပဒေသာပင်အတွက် ဆရာတော် ဦးသုနန္ဒက ငွေကျပ် ငါးသိန်းနှင့် တပည့်ဒါယကာ ဒါယိကာမများက ငွေကျပ် ၃၀၅၀၀၀ တို့ကို ပေးအပ်လှူဒါန်းကာ ဆရာတော်ဦးသုနန္ဒက ရန်ပုံငွေ လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းမြွက်ကြားသည်။ (ကြေးမုံ)

## ရေကြောင်းသတိပေးချက် ထုတ်ပြန်

**နေပြည်တော် ဖေဖော်ဝါရီ ၃**

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများ၌ အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော PTTEP International Limited သည် မုတ္တမကမ်းလွန်လုပ်ကွက်အမှတ် M-3 နှင့် M-9 တို့တွင် Geophysical Site Investigation (GSI) Survey တိုင်းတာရေးလုပ်ငန်းများကို တိုင်းတာရေးရေယာဉ် MV- GENESIS ဖြင့် ဖေဖော်ဝါရီ ၉ ရက်မှ မတ် ၉ ရက်အထိ ဆောင်ရွက်သွားမည်ဖြစ်သည်။

Geophysical Site Investigation (GSI) Survey တိုင်းတာရေးလုပ်ငန်းများဆောင်ရွက်မည့် မုတ္တမကမ်းလွန်လုပ်ကွက်အမှတ် M-3 နှင့် M-9 တို့၏ တည်နေရာဧရိယာများမှာ Block M-3 တွင် Point A မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၃၀ မိနစ် ၃၁ ဒသမ ၂၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၁ မိနစ် ၄၄ ဒသမ ၉၅ စက္ကန့်၊ Point B မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၃၀ မိနစ် ၃၃ ဒသမ ၀၂ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၂၀ မိနစ် ၅၇ ဒသမ ၀၈ စက္ကန့်၊ Point C မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၂၃ မိနစ် ၅၇ ဒသမ ၆၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၂၀ မိနစ် ၅၈ ဒသမ ၃၂ စက္ကန့်နှင့် Point D မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၂၃ မိနစ် ၅၅ ဒသမ ၇၉ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၁ မိနစ် ၄၆ ဒသမ ၄၈ စက္ကန့်အတွင်းတွင် လည်းကောင်း၊ Block M-9 (Zawtika Project) တွင် Point A မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၂၅ မိနစ် ၅၆ ဒသမ ၇၇ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၄၆ မိနစ် ၀၈ ဒသမ ၈၅ စက္ကန့်၊ Point B မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၂၅ မိနစ် ၅၇ ဒသမ ၁၃ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၀၄ မိနစ် ၅၇ ဒသမ ၂၆ စက္ကန့်၊ Point C မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၀ မိနစ် ၀၉ ဒသမ ၅၁ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၀၄ မိနစ် ၅၆ ဒသမ ၇၀ စက္ကန့်နှင့် Point D မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၀ မိနစ် ၀၉ ဒသမ ၁၇ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၄၆ မိနစ် ၁၀ ဒသမ ၄၂ စက္ကန့်အတွင်းတွင် လည်းကောင်း ဖြစ်သည်။

သို့ဖြစ်၍ မုတ္တမကမ်းလွန်လုပ်ကွက်အမှတ် M-3 နှင့် M-9 တို့တွင် Geophysical Site Investigation (GSI) Survey တိုင်းတာရေးလုပ်ငန်းများကို တိုင်းတာရေးရေယာဉ် MV-GENESIS ဖြင့် ဆောင်ရွက်နေစဉ်ကာလအတွင်း လုပ်ငန်းများ နှောင့်နှေးကြန့်ကြာမှုမဖြစ်ပေါ်စေရေးအတွက် အထက်ဖော်ပြပါ လုပ်ငန်းခွင်ဧရိယာမှ လေးကီလိုမီတာပတ်လည်အတွင်းအား ရေကြောင်းသတိပေးချက် (Notice to Mariner's) ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီး/ငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်းနှင့် ငါးဖမ်းကိရိယာများ ချထားခြင်းများမပြုလုပ်ကြရန် ငါးလုပ်ငန်းဦးစီးဌာနက အသိပေးကြေညာထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

❖ ရှေ့ဖုံးမှ

အသုံးစရိတ်၊ ဖြည့်စွက်တင်ပြငွေ၊ ရထားလမ်းဖောက်လုပ်ရေးစီမံကိန်းနှင့် ကြွေးမြီကဏ္ဍ၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် ရငွေလျာထားချက်များနှင့် အသုံးစရိတ်ရန်ပုံငွေ အဆိုပြုချက်၊ ဝင်ငွေတိုးမြှင့်လျာထားမှု၊ ၂၀၁၁-၂၀၁၂ ခုနှစ် ပြုပြင်ပြီး ခန့်မှန်းခြေနှင့် နှိုင်းယှဉ်ခြင်း ရငွေလျာထားချက်၊ သာမန်အသုံးစရိတ် လျာထားချက်၊ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် ပြုပြင်ပြီးခန့်မှန်းခြေနှင့် နှိုင်းယှဉ်ခြင်း အသုံးစရိတ်လျာထားချက်၊ ငွေလုံးငွေရင်းအသုံးစရိတ်၊ ငွေလုံးငွေရင်း အသုံးစရိတ်လျာထားချက်၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်မည့်လုပ်ငန်းသစ်များ၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် ဆိုင်ရာ လယ်ယာကဏ္ဍ စီမံကိန်းရည်မှန်းချက်များ၊ လုပ်ငန်းစဉ်များ၊ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ရန်ပုံငွေတင်ပြခြင်းနှင့် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် ရသုံးခန့်မှန်းခြေငွေစာရင်းများ၊ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ခွင့်ပြုငွေစာရင်းနှင့် ပြုပြင်ပြီး ရသုံးခန့်မှန်းခြေစာရင်း၊ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်အတွင်း ဖြည့်စွက်ခွင့်ပြုငွေတောင်းခံမှုနှင့်စပ်လျဉ်း၍ သာမန်အသုံးစရိတ်၊ ငွေလုံးငွေရင်းအသုံးစရိတ်၊ ကြွေးမြီအသုံးစရိတ်၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် ရသုံးမှန်းခြေငွေစာရင်းမှ သာမန်ရငွေနှင့် သာမန်သုံးငွေ၊ ငွေလုံးငွေရင်းရငွေနှင့် ငွေလုံးငွေရင်းအသုံးစရိတ်၊ ကြွေးမြီရငွေနှင့် ကြွေးမြီသုံးငွေတို့ကို ရှင်းလင်းတင်ပြသည်။



ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)



အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဇော်မင်း ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းဟောင်းများနှင့် နိုင်ငံခြားငွေပါဝင်မှုတို့ကို ရှင်းလင်းတင်ပြသည်။

လယ်ယာကဏ္ဍနှင့်စပ်လျဉ်း၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က ပဉ္စမကာလတို(၅)နှစ်စီမံကိန်း၏ အမျိုးသားစီမံကိန်း

လျှပ်စစ်ကဏ္ဍနှင့်စပ်လျဉ်း၍ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဇော်မင်းက ၂၀၁၁-၂၀၁၂ ခုနှစ်မှ ၂၀၁၅-၂၀၁၆ ခုနှစ်အထိဖြစ်သော တတိယ(၅)နှစ် စီမံကိန်းကာလအတွင်း အကောင်အထည်ဖော်ဆောင်ရွက်မည့် လျှပ်စစ်စီမံကိန်းများ လျာထားအစီအစဉ်နှင့် တတိယ(၅)နှစ်စီမံကိန်းကာလတွင် ဖြစ်ပေါ် တိုးတက်လာမည့် လျှပ်စစ်ဓာတ်အားမျှော်မှန်းချက်၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်အတွက် သာမန်နှင့် ငွေလုံးရန်ပုံငွေတောင်းခံမှုမှ သာမန်ရငွေ၊ ကြွေးမြီရငွေ၊ သာမန်အသုံးစရိတ်၊ ငွေလုံးငွေရင်း အသုံးစရိတ်နှင့် ကြွေးမြီကဏ္ဍတို့ကို ရှင်းလင်းတင်ပြသည်။

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးက ကာလတို(၅)နှစ် စီမံကိန်းလျှပ်စစ်ကဏ္ဍမူဝါဒ၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် လျှပ်စစ်ကဏ္ဍရည်မှန်းချက်များ၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် လျှပ်စစ်ကဏ္ဍလုပ်ငန်းစဉ်များ၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်အတွင်း တည်ဆောက်မည့်စီမံကိန်းများ၊ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်တွင် တည်ဆောက်ဆဲဖြစ်ပြီး ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်အတွင်း ဆက်လက်တည်ဆောက်မည့်စီမံကိန်းများ၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်အတွင်း မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းမှ စီမံကိန်းများအတွက် သုံးစွဲမည့်ခန့်မှန်းကုန်ကျငွေစာရင်း၊ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ခွင့်ပြုငွေတောင်းခံခြင်း၊ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် ပြုပြင်ပြီး ခန့်မှန်းခြေစာရင်း၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် မူလခန့်မှန်းခြေစာရင်း၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်သုံးစွဲမည့် အသုံးစရိတ်များမှ သာမန်အသုံးစရိတ်၊ ငွေလုံးငွေရင်းအသုံးစရိတ်နှင့် ကြွေးမြီအသုံးစရိတ်၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် နိုင်ငံခြားငွေရရှိမှုနှင့် အသုံးစရိတ်လျာထားချက်တို့ကို ရှင်းလင်းတင်ပြသည်။

လူမှုရေးနှင့် စီမံခန့်ခွဲရေးကဏ္ဍနှင့် စပ်လျဉ်း၍ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး လှမင်းက ကာကွယ်ရေးဝန်ကြီးဌာန၏ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းနှင့် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် ခန့်မှန်းခြေငွေစာရင်း၊ သာမန်အသုံးစရိတ်နှင့် စပ်လျဉ်း၍ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းနှင့် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်ခန့်မှန်းခြေငွေစာရင်း၊ ငွေလုံးငွေရင်းအသုံးစရိတ်နှင့်စပ်လျဉ်း၍ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းနှင့် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်ခန့်မှန်းခြေငွေစာရင်း၊ ရငွေစာရင်းနှင့် အသုံးစာရင်း၊ သာမန်နှင့် ငွေလုံးငွေရင်းအသုံးစရိတ်တို့ကို ရှင်းလင်းတင်ပြသည်။

တပ်မြို့စည်ပင်သာယာရေးကော်မတီနှင့်စပ်လျဉ်း၍ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး လှမင်းက ကာကွယ်ရေးဝန်ကြီးဌာန တပ်မြို့စည်ပင်သာယာရေးအဖွဲ့ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် ခန့်မှန်းခြေငွေစာရင်း၊ ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းနှင့် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် ခန့်မှန်းခြေငွေစာရင်း၊ ရငွေ၊ သာမန်အသုံးစရိတ်နှင့် ငွေလုံးငွေရင်းအသုံးစရိတ်စာရင်းတို့ကို ရှင်းလင်းတင်ပြသည်။

ယနေ့အစည်းအဝေးကို မွန်းလွဲ ၂ နာရီ ၄၅ မိနစ်တွင်ရပ်နားပြီး အစည်းအဝေး ပဉ္စမနေ့ကို ဖေဖော်ဝါရီ ၆ ရက် (တနင်္လာနေ့) နံနက် ၁၀ နာရီတွင် ကျင်းပမည်ဖြစ်သည်။ (သတင်းစဉ်)

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

### ၄-၂-၂၀၁၂ (စနေနေ့)

AM & PM

- ၅း၀၀ ဗောဇ္ဈင်္ဂသုတ်၊ ပုဗ္ဗဏှသုတ်
- ၅း၂၀ MRTV-4 သတင်း
- ၅း၄၀ "ရဲရင့်သောစကား" တရားတော် (ဆရာတော်ဓမ္မဒူတ ဒေါက်တာ အရှင်ပညိဿရာဘိဝံသ)
- ၈း၄၅ The Shop Around The Corner (Part-15)
- ၈း၅၅ CAPTAIN'S CUP ဂေါက်သီးရိုက်ပြိုင်ပွဲ
- ၁၀း၀၀ Activities In The City (ရန်ကုန်တက္ကသိုလ်(သချာၤ) မိသားစု၏ အာစရိယပူဇော်ပွဲ)
- ၁၀း၃၅ သွားမယ်စားမယ် (Apple)
- ၁၁း၀၀ ပခုက္ကူမြို့ အထက(၁)၏ အာစရိယပူဇော်ပွဲ
- ၁၁း၁၅ ရန်ကုန်မြင်ကွင်းကျယ် (မြန်မာနိုင်ငံမြောက်ပိုင်းတွင် တွေ့ရှိရသော မျောက်နှာလှန်မျိုးစိတ် အသစ်အား ပထမဆုံးအကြိမ် သဘာဝတောအတွင်း ဓာတ်ပုံရိုက်ကူးရရှိခြင်း)
- ၁၁း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "တေးသွားဇေကရီ" (အပိုင်း-၇)**
- ၁၂း၁၀ ပြည်၊ ရွှေတောင်မြို့ ရှေးဟောင်း မဟာသိမ်တော်ကြီး ဓာတ်တော်များ၊ ဗုဒ္ဓရုပ်ပွားတော်များ ရှာဖွေတွေ့ရှိခြင်း
- ၁၂း၃၅ ပြုံးပန်းဝေဖြာ ဝိဇာတမင်္ဂလာ (ဓမ္မဒူတတောရ သာသနာ့ရိပ်သာ)
- ၁း၀၀ "ရဲရင့်သောစကား" တရားတော် (ဆရာတော် ဓမ္မဒူတ ဒေါက်တာ အရှင်ပညိဿရာဘိဝံသ)
- ၂း၀၀ MRTV-4 သတင်း
- ၂း၂၀ Fashion Week (Euphoria) (အပိုင်း-၁)
- ၃း၀၀ Junction Centre ရဲ့ ကံထူးရှင်များရွေးချယ်ပွဲ
- ၃း၁၅ Activities In The City (ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးပြပွဲမှ FISCA & KKA)
- ၃း၂၅ Movie Talk [ရုပ်ရှင်ထူးချွန်ဆုသမိုင်း] ဒါရိုက်တာ-ကြည်စိုးထွန်း (အပိုင်း-၁၀)
- ၃း၅၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပန်းသုံးပွင့်လေညှင်းရာ" (အပိုင်း-၆၀)**
- ၅း၀၀ ရန်ကုန်မြင်ကွင်းကျယ် [အထက(၂) စမ်းချောင်း၏ (၁၃)ကြိမ်မြောက် အသက် (၆၀)ပြည့် အငြိမ်းစား ဆရာမကြီးများအား အာစရိယ ပူဇော်ကန်တော့ပွဲ အခမ်းအနား]
- ၅း၂၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "တေးသွားဇေကရီ" (အပိုင်း-၈)**
- ၆း၀၀ MRTV-4 သတင်း
- ၆း၁၅ ပြန်လည်ခံစား ၂၀၀၉ ခုနှစ် အကယ်ဒမီပွဲတက်ဖက်ရှင်များ
- ၆း၅၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "စိတ်၏စေရာ" (အပိုင်း-၁၀၈)**
- ၇း၄၅ Talent Show
- ၈း၀၀ MRTV-4 သတင်း
- ၈း၃၀ ဂဏန်းသင်္ချာပျော်စရာ
- ၉း၂၅ Barclays Premier League West Brom Vs Swansea City
- ၁၁း၂၅ VJ Choice
- ၁၁း၅၅ Barclays Premier League Man City Vs Fulham
- ၁း၅၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပန်းသုံးပွင့်လေညှင်းရာ" (အပိုင်း-၆၁)**

### Barclays Premier League ဘောလုံးပွဲစဉ်များ

| ညပိုင်း | ပွဲစဉ် | | | ပြသမည့်လိုင်း |
|---|---|---|---|---|
| ၇း၂၅ | Arsenal | - | Blackbum Rovers | (ESPN) |
| ၉း၂၅ | QPR | - | Wolves | (ESPN) |
| ၉း၂၅ | West Brom | - | Swansea City | (Star Sports) (MRTV-4) |
| ၁၁း၅၅ | Man City- | | Fulham | (ESPN) (MRTV-4) |

*ပွဲစဉ်အပြောင်းအလဲရှိနိုင်ပါသည်။



ဖေဖော်ဝါရီ ၁ ရက်မှ ၈ ရက်အထိ အင်ဒိုနီးရှားနိုင်ငံ ဘန်ဒေါင်းမြို့တွင် ကျင်းပမည့် စွန့်ဦးတီထွင်မှုနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လူငယ်အလုပ်ရုံ ဆွေးနွေးပွဲသို့ တက်ရောက်ရန် ဖိတ်ကြားခြင်းခံရသော စီးပွားရေးနှင့် စီမံခန့်ခွဲမှုကျောင်း P.S Business School မှ ကျောင်းသား ကျောင်းသူများအား ဇန်နဝါရီ ၃၁ ရက်က အင်ဒိုနီးရှားနိုင်ငံသို့ မထွက်ခွာမီ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ တွေ့ရစဉ်။ (မြို့နယ် ပြန်/ဆက်)

## မနောရမ္မ ပညာဒါန သွေးလှူဒါန်းပွဲ ကျင်းပမည်

**ရန်ကုန် ဖေဖော်ဝါရီ ၃**

ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ဗဟိုလမ်း အရှေ့ဥယျာဉ်တိုက် မနောရမ္မ ပညာဒါနကျောင်း၏ (၁၁)ကြိမ်မြောက် သွေးလှူဒါန်းပွဲကို ဖေဖော်ဝါရီ ၁၂ ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် အမျိုးသားသွေးလှူဌာန၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသား ကျောင်းသူဟောင်းများနှင့် သွေးလှူရှင်များ ကျောင်း ဖုန်း-၅၁၈၀၂၄ နှင့် ၅၃၇၀၂၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)



အထက(၂)တာမွေမှ သူငယ်တန်း၊ ပထမတန်းနှင့် တတိယတန်း ဘက်စုံထူးချွန် ပထမဆု သုံးကြိမ်ရရှိသည့် တတိယတန်း (က) ကျောင်းသူ မပိုးအိစိုး ဆုယူစဉ်။ (ကြေးမုံ)

## မူခင်းကျဆင်းရေး ပညာပေးဟောပြော

**သရက်ချောင်း ဖေဖော်ဝါရီ ၃**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် သရက်ချောင်းမြို့နယ် အထက (ညောင်ဇင်)၌ ဇန်နဝါရီ ၂၇ ရက်တွင် ကျောင်းသား ကျောင်းသူ ၁၁၀ တို့အား မူခင်းကျဆင်းရေးနှင့် ပညာပေးဟောပြောပွဲကျင်းပခဲ့ရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးမင်းမြတ်ကို၊ ခေတ္တမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲအုပ်ဇော်မင်းနိုင်၊ တနင်္သာရီတိုင်းဒေသကြီး ကြိုးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့မှ ရဲအုပ်သိန်းသန်းစော၊ မြို့နယ်ဥပဒေအရာရှိ ဒေါ်နီနီမြင့်တို့က မူခင်းကျဆင်းရေး အသီးသီးဟောပြောကြကြောင်း သိရသည်။**(အောက်ပုံ)**

(ကြေးမုံ)



## ရပ်စောက်မြို့နယ် အင်းမီးနှင့် လွယ်ဆင်ကျေးရွာတို့မှ ကျေးရွာလူထုသို့ ထင်းပေးဝေလှူဒါန်း

**ရပ်စောက် ဖေဖော်ဝါရီ ၃**

ရှမ်းပြည်နယ် ရပ်စောက်မြို့နယ် အင်းမီးကျေးရွာအနီး သစ်တောဦးစီးဌာနမှ စိုက်ပျိုးထားသည့် ကျေးရွာသုံး ထင်းစိုက်ခင်း အမှတ်(၁/၁၉၉၅)ဧက ၃၀၀ မှ ထွက်ရှိထင်းများ ကျေးရွာလူထုသို့ ပေးဝေခြင်း အခမ်းအနားကို ဇန်နဝါရီ ၇ ရက်က အဆိုပါစိုက်ခင်း၌ ကျင်းပရာ မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးခိုင်ညွန့်က ထင်းပေးဝေလှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး အင်းမီးရွာ အိမ်ထောင်စု ၈၂ စု၊ တိုးနီရွာ အိမ်ထောင်စု ၂၅ စုနှင့် လွယ်ဆင်ရွာ အိမ်ထောင်စု ၁၇ စု စုစုပေါင်းအိမ်ထောင်စု ၁၂၄ စုအား အိမ်ထောင်စုတစ်စုလျှင် ထင်း ၁ ဒသမ ၅ ကုဗတန်ခန့်ဖြင့် စုစုပေါင်း ၂၀၀ ကုဗတန် ပေးဝေလှူဒါန်းခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)**

(မြို့နယ်ပြန်/ဆက်)



## တက္ကသိုလ်ဝင်တန်းအောင် အမက(၇)တာမွေ ကျောင်းသားဟောင်းများ ဂုဏ်ပြုပွဲ ကျင်းပမည်

**ရန်ကုန် ဖေဖော်ဝါရီ ၃**

အမက(၇) တာမွေ၌ မူလတန်းပညာများကို သင်ယူခဲ့ပြီး ၂၀၁၁ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ခြောက်ဘာသာဂုဏ်ထူး၊ ငါးဘာသာဂုဏ်ထူးတို့ဖြင့် အောင်မြင်ခဲ့သူများအား မိဘဆရာအသင်းနှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့က ဂုဏ်ပြုချီးမြှင့်မည်ဖြစ်ရာ ဖေဖော်ဝါရီ ၆ ရက် နောက်ဆုံးထားပြီး ကျောင်းအုပ်ဆရာမကြီး အမက(၇)တာမွေ ဖုန်း-၀၉-၇၃၂၂၀၈၁၈ သို့ ဆက်သွယ်သတင်းပေးပို့ကြပါရန် နှိုးဆော်ထားကြောင်း သိရသည်။ (ကြေးမုံ)

# နယ်မြေအငြင်းပွားနေသော ဖောက်ကလန်ကျွန်းစုအနီးသို့ ဖျက်သင်္ဘောတစ်စင်းကို ဗြိတိန်ရေတပ်စေလွှတ်မည်


ဖောက်ကလန်ကျွန်းစုအနီးသို့ စေလွှတ်မည့် ဗြိတိန်ရေတပ်၏ ဖျက်သင်္ဘောကို တွေ့ရစဉ်။

**လန်ဒန် ဖေဖော်ဝါရီ ၃**

ဗြိတိန်ဘုရင့်ရေတပ်သည် အာဂျင်တီးနားနိုင်ငံနှင့် ပိုင်နက်နယ်မြေအငြင်းပွားလျက်ရှိသော ဖောက်ကလန်ကျွန်းစုအနီးသို့ အဆင့်မြင့်နည်းပညာသုံး ဖျက်သင်္ဘောတစ်စင်းကို စေလွှတ်မည်ဖြစ်ကြောင်း ကာကွယ်ရေးတာဝန်ရှိသူတစ်ဦးက ဖေဖော်ဝါရီ ၂ရက်တွင် ပြောကြားသည်။

အာဂျင်တီးနားနိုင်ငံက မာလ်ဗီးနက်စ်ကျွန်းစုဟု ခေါ်တွင်သော ဖောက်ကလန်ကျွန်းစုအနီးသို့ ဗြိတိန်ဘုရင့်ရေတပ်မှ အိပ်ချ်အမ်အက်စ်ဒေါင်းလက်စ်အမည်ရှိဖျက်သင်္ဘောကို စေလွှတ်မည်ဖြစ်ကြောင်း ဗြိတိန်ကာကွယ်ရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

အဆိုပါစစ်သင်္ဘောသည် အတ္တလန္တိတ်သမုဒ္ဒရာတောင်ပိုင်းရှိ အငြင်းပွားလျက်ရှိသော ကျွန်းစုအနီး၌ လပေါင်းအတန်ကြာမျှရှိနေမည်ဖြစ်ကြောင်း စစ်ဘက်ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

အိပ်ချ်အမ်အက်စ် ဒေါင်းလက်စ်စစ်သင်္ဘောသည် ဘုရင့်ရေတပ်စစ်သင်္ဘောများအနက် နည်းပညာအမြင့်ဆုံးဖြစ်ပြီး တန်ချိန် ၈၀၀၀ အလေးချိန်ရှိသည်။ အဆိုပါ ဖျက်သင်္ဘောနှင့်အတူ ရေယာဉ်ဝန်ထမ်း ၁၉၀၊ တပ်ဖွဲ့ဝင် ၆၀လိုက်ပါနိုင်ပြီး ရဟတ်ယာဉ်တစ်စင်း ပါရှိသည်။ ဖောက်ကလန်ကျွန်းစုသို့ စေလွှတ်မည့်ဖျက်သင်္ဘော၌ မိုင် ၇၀ အကွာအဝေးအတွင်းသို့ ဝင်ရောက်လာသော စစ်လေယာဉ်များကို ပစ်ချနိုင်သော ဒုံးလက်နက်များ တပ်ဆင်ထားသည်။ ***ဆင်ဟွာ။***

# ပင်လယ်ဓားပြနှိမ်နင်းရေးလုပ်ငန်း၌ အိန္ဒိယနှင့်တရုတ် ပူးပေါင်းဆောင်ရွက်


**ဖိလစ်ပိုင်စစ်ဘက်ပြောရေးဆိုခွင့်ရှိသူက သေဆုံးသွားပြီဖြစ်သည့် အကြမ်းဖက်သမား မာဝန်၏ဓာတ်ပုံကိုပြ၍ ရှင်းလင်းပြောကြားနေစဉ်။**

*ဓာတ်ပုံ-အင်တာနက်*

**နယူးဒေလီ ဖေဖော်ဝါရီ ၃**

အိန္ဒိယနှင့် တရုတ်နိုင်ငံတို့သည် အိန္ဒိယသမုဒ္ဒရာအတွင်း ပင်လယ်ဓားပြနှိမ်နင်းရေးလုပ်ငန်း၌ ပူးပေါင်းဆောင်ရွက်နိုင်ရန် နှစ်နိုင်ငံရေတပ်များမှ အရာရှိများ၏ ဆွေးနွေးပွဲကို ကျင်းပခဲ့ကြောင်း အိန္ဒိယနိုင်ငံ၌ ထုတ်ဝေသော ထရီဗြွန်းသတင်းစာက ဖေဖော်ဝါရီ ၂ ရက်တွင် ရေးသားဖော်ပြသည်။

အိန္ဒိယရေတပ်နှင့် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် ရေတပ်တပ်ဖွဲ့တို့သည် အိန္ဒိယသမုဒ္ဒရာအတွင်း ပင်လယ်ဓားပြ နှိမ်နင်းရေးလုပ်ငန်းကို ဆောင်ရွက်ရာတွင် ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်သွားကြရန် သဘောတူညီခဲ့ကြသည်။

ပင်လယ်ဓားပြများကို ချေမှုန်းရာတွင် နှစ်နိုင်ငံရေတပ်များအကြား ဆက်သွယ်ဆောင်ရွက်မှု မြှင့်တင်သွားကြမည်ဖြစ်ကြောင်း အိန္ဒိယရေတပ် ဗိုလ်ချုပ်မွန်တီခန်နားက ပြောကြားသည်။ ***အင်တာနက်။***

# အရှေ့တောင်အာရှ၏ အလိုရှိဆုံးအကြမ်းဖက်သမား ဖိလစ်ပိုင်၌ အသေဖမ်းမိ

**မနီလာ ဖေဖော်ဝါရီ ၃**

အရှေ့တောင်အာရှတွင် အလိုရှိဆုံးအကြမ်းဖက်သမားတစ်ဦးကို ထိပ်တန်းစစ်သွေးကြွနှစ်ဦးနှင့်အတူ ဖေဖော်ဝါရီ ၂ ရက်နေ့၌ အသေဖမ်းဆီးရမိကြောင်း ဖိလစ်ပိုင်စစ်ဘက်က ပြောကြားသည်။

ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်း ကျွန်းတစ်ကျွန်းပေါ်ရှိ စစ်သွေးကြွစခန်းတစ်ခုကို ပစ်မှတ်ထား၍ နံနက်အရုဏ်တက်ချိန်၌ ဝင်ရောက်စီးနင်းခဲ့ရာ အယ်လ်ခိုင်ဒါအဖွဲ့နှင့် ဆက်သွယ်မှုရှိသည့် ဂျာမားအစ္စလာမ်အကြမ်းဖက်ကွန်ရက်ခေါင်းဆောင် မလေးရှားလူမျိုး မာဝန်ဟုလူသိများသော ဇူလ်ကီဖလီဗင်ဟာ သေဆုံးသွားပြီဖြစ်ကြောင်း စစ်ဘက်ပြောရေးဆိုခွင့်ရှိသူ ဗိုလ်မှူးကြီး မာစီလိုဘာဂို့(စ်)က ပြောသည်။

အမေရိကန်ပြည်ထောင်စုက မာဝန်ကိုဖမ်းမိလျှင် ဆုငွေဒေါ်လာ ငါးသန်းချီးမြှင့်မည်ဟု ကမ်းလှမ်းထားခဲ့သည်။

မာဝန်သည် အမေရိကန်နိုင်ငံ၌ အင်ဂျင်နီယာပညာသင်ကြားခဲ့သူ ဖြစ်သည်။ ၎င်းသည်စစ်သွေးကြွအသစ်များကို စုဆောင်း လေ့ကျင့်ပေးခြင်း၊ ဖိလစ်ပိုင်နိုင်ငံအတွင်း ဗုံးဖောက်ခွဲမှုများတွင် ပါဝင်ပတ်သက်မှုရှိသည်ဟု စွပ်စွဲခံထားရသည်။

ဖိလစ်ပိုင်အခြေစိုက် အဘူဆေယဗ် စစ်သွေးကြွအဖွဲ့ ခေါင်းဆောင်နှင့် ဂျာမားအစ္စလာမ်အဖွဲ့ စင်ကာပူခေါင်းဆောင်မှာဝီယာဟုခေါ်သော အဗ္ဗဒူလာအလီတို့လည်း သေဆုံးခဲ့ကြသည်ဟု ဘာဂို့(စ်)က ပြောသည်။

အဆိုပါ စစ်သွေးကြွခေါင်းဆောင် သုံးဦး၏အလောင်းများကို ရဲတပ်ဖွဲ့က ရှာဖွေရယူနိုင်ခဲ့ပြီး ၎င်းတို့မည်သူမည်ဝါ ဖြစ်ကြောင်းကို ယင်းဒေသမှ ရဲတပ်ဖွဲ့နှင့် ထောက်လှမ်းရေးသတင်းပေးများက ပြောကြားခဲ့သည်ဟု ဘာဂို့(စ်)က အေပီသတင်းဌာနသို့ ပြောကြားခဲ့သည်။ ***အင်တာနက်။***



# ကိုလံဘီယာတွင် ဗုံးပေါက်ကွဲမှုဖြစ်ပွား လူခြောက်ဦးသေဆုံး၍ ၇၁ ဦးဒဏ်ရာရ

**ဘိုဂိုတာ ဖေဖော်ဝါရီ ၃**

ကိုလံဘီယာနိုင်ငံ တူမာကိုးဆိပ်ကမ်းမြို့တွင် ဖေဖော်ဝါရီ ၂ ရက်က ရဲစခန်းအပြင်ဘက်၌ ဗုံးပေါက်ကွဲမှုဖြစ်ပွားခဲ့ကြောင်း၊ လူခြောက်ဦးထက်မနည်းသေဆုံး၍ ၇၁ ဦး ဒဏ်ရာရရှိကြောင်း သက်ဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များက ပြောကြားသည်။

ပေါက်ကွဲစေတတ်သည့် ပစ္စည်းအပြည့်တင်ထားသော မော်တော်ဆိုင်ကယ်တစ်စီးကို အသုံးပြုကာ ဖောက်ခွဲခဲ့ခြင်းဖြစ်ကြောင်း ရဲအရာရှိတစ်ဦးက အေပီသတင်းဌာနသို့ ပြောကြားသည်။

ဗုံးပေါက်ကွဲမှုကြောင့် ရဲတပ်ဖွဲ့ဝင်သုံးဦးနှင့် အရပ်သားသုံးဦးသေဆုံးခဲ့ရသည်။ ရဲတပ်ဖွဲ့ဝင် ၃၅ ဦးအပါအဝင် ၇၁ ဦးဒဏ်ရာရရှိသည်။

ဗုံးဖောက်ခွဲသူမှာ ကိုလံဘီယာတော်လှန်ရေးပြောက်ကျားအဖွဲ့ဝင် ဖြစ်နိုင်ကြောင်း ရဲတပ်ဖွဲ့ကဆိုသည်။

***အင်တာနက်။***

# ဂျပန်အနောက်ပိုင်းတွင် ဆီးနှင်းမုန်တိုင်းများတိုက်ခတ် လူ ၅၂ ဦးသေဆုံးပြီး ၆၀၀ ဒဏ်ရာရ

**နာဂါနို ဖေဖော်ဝါရီ ၃**

ဂျပန်နိုင်ငံအနောက်ဘက် ပင်လယ်ကမ်းရိုးတန်းဒေသတွင် ဆီးနှင်းမုန်တိုင်းများတိုက်ခတ်မှုကြောင့် လူ ၅၂ ဦးသေဆုံးပြီး ၆၀၀ခန့် ဒဏ်ရာရရှိကြောင်း၊ နှင်းထုအောက်တွင် ဖုံးအုပ်နေသူ သုံးဦးကို ဖေဖော်ဝါရီ ၂ရက်က ကယ်တင်ပေးခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားကြသည်။

နီဂါတာပြည်နယ်ရှိ ဆီးနှင်းမုန်တိုင်းဒဏ်ပြင်းထန်စွာ ခံစားရသောဒေသတွင် နှင်းထုမှာ ၁၀ပေကျော်ခန့်ကျဆင်းခဲ့ကြောင်း၊ ဂျပန်နိုင်ငံ အနောက်မြောက်ဘက်ရှိဒေသများ၌ ယခုနှစ်၏ နှစ်ဦးပိုင်းမှစ၍ ပြင်းထန်သောနှင်းမုန်တိုင်းများ ဆက်တိုက်ကျရောက်ခဲ့ကြောင်း အေဘီစီသတင်းဌာနက ပြောကြားသည်။

နှင်းမုန်တိုင်းကြောင့် နာဂါရိမြို့၌ ပေ ၃၁၀ အရှည်ရှိ သံမဏိတံတားတစ်စင်း ပြိုကျပျက်စီးသွားပြီး ကျောင်းများကို ပိတ်ထားရကြောင်း သတင်းတွင်ဖော်ပြသည်။ ***အင်တာနက်။***

# ပလက်တီနမ်ချောင်းများ တင်ဆောင်လာခဲ့သည်ဟုဆိုသော ဗြိတိသျှကုန်သင်္ဘောပျက်ကို ရှာဖွေတွေ့ရှိ

*ပို့လန်း ဖေဖော်ဝါရီ ၃*

*ဒုတိယကမ္ဘာစစ်ကာလအတွင်းက တော်ပီဒိုထိမှန်ခံရမှုကြောင့် နစ်မြုပ်ခဲ့ရသော ဗြိတိသျှကုန်သင်္ဘောတစ်စင်းကို ရှာဖွေတွေ့ရှိထားပြီဖြစ်ကြောင်း သင်္ဘောပျက်များမှ ရတနာသိုက်များကို ရှာဖွေသူတစ်ဦးက ဖေဖော်ဝါရီ ၂ ရက်တွင် ပြောကြားသည်။*

*အဆိုပါကုန်သင်္ဘောသည် ပလက်တီနမ်ချောင်းများ တင်ဆောင်လာခဲ့ပြီး ယင်းပစ္စည်းများ၏ ကာလပေါက်ဈေးတန်ဖိုးမှာ ဒေါ်လာ သုံးဘီလီယံခန့်ရှိကြောင်း အမေရိကန်နိုင်ငံ မိန်းပြည်နယ် ဂေါ်ဟမ်မြို့ရှိ သုတေသနအဖွဲ့တစ်ဖွဲ့မှ ဂရက်ဘရွတ်ခ်က ပြောကြားသည်။*

*အကယ်၍ ဂရက်ဘရွတ်ခ်၏ပြောကြားချက် မှန်ကန်မည်ဆိုပါက ယခုရှာဖွေတွေ့ရှိချက်သည် ပင်လယ်ရေအောက်မှရရှိသော အဖိုးတန်ပစ္စည်းများအနက် အကြီးကျယ်ဆုံး တွေ့ရှိချက်တစ်ရပ်ဖြစ်မည်ဟု ဆိုသည်။*

*ဒုတိယကမ္ဘာစစ်ကာလအတွင်း ဂျာမန်ရေတပ်သင်္ဘောတစ်စင်းက တော်ပီဒိုဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် ကိပ်ကော့ဒ်ကျွန်း၏ကမ်းလွန်၌ ဗြိတိသျှကုန်သင်္ဘောတစ်စင်း နစ်မြုပ်ခဲ့ရသည်။*

*သို့ရာတွင် အဆိုပါကုန်သင်္ဘောပေါ်တွင် ပလက်တီနမ်ချောင်းများ ပါရှိသည်ဟုဆိုသော ဂရက်ဘရွတ်ခ်၏ ပြောဆိုချက်နှင့်ပတ်သက်၍ ဗြိတိန်အစိုးရ၏ ရှေ့နေတစ်ဦးက သံသယပွားလျက်ရှိကြောင်း သတင်းတွင်ဖော်ပြသည်။*

***အင်တာနက်။***

# မြို့တော်ပေကျင်းရောက် ကမ္ဘာလှည့်များ အင်တာနက်ကို အခမဲ့သုံးခွင့်ရရှိမည်

**ပေကျင်း ဖေဖော်ဝါရီ ၃**

တရုတ်နိုင်ငံ မြို့တော်ပေကျင်းသို့ အလည်အပတ်လာရောက်သော ကမ္ဘာလှည့်ခရီးသည်များသည် ၎င်းတို့ လည်ပတ်ကြည့်ရှုမည့် နေရာအများအပြား၌ မကြာမီကာလမှစ၍ အင်တာနက်ကို အခမဲ့အသုံးပြုခွင့်ရရှိတော့မည်ဖြစ်ကြောင်း ခရီးသွားလုပ်ငန်း တာဝန်ရှိသူတစ်ဦးက ဖေဖော်ဝါရီ ၁ရက်တွင် ပြောကြားသည်။



ယခုနှစ်မှစ၍ မြို့တော်ပေကျင်းရှိ ကမ္ဘာလှည့်ခရီးသည်များ အရောက်အပေါက် အများဆုံးနေရာများ၌ ဝိုင်ယာလက်စ်ဘရော့ဒ်ဘန်း အင်တာနက်ကွန်ရက်စနစ်ကို နိုင်ငံတကာဧည့်သည်များ အခမဲ့အသုံးပြုခွင့်ရရှိအောင် စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပေကျင်းခရီးသွားလုပ်ငန်းကော်မတီ ညွှန်ကြားရေးမှူး လူယွန်းက ပြောကြားသည်။

လာမည့်သုံးနှစ်တာကာလအတွင်း မြို့တော်ပေကျင်း၏ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း တိုးတက်လာစေရေးအတွက် ဝန်ဆောင်လုပ်ငန်းများကို မြှင့်တင်ပေးရန် အစီအစဉ်ရေးဆွဲထားကြောင်း လူယွန်းက ပြောကြားသည်။

မြို့တော်ပေကျင်းရှိ စီးပွားရေးလုပ်ငန်းများ အချက်အချာပြုရာနေရာများတွင် ဝိုင်ယာလက်စ်ဘရော့ဒ်ဘန်း အင်တာနက်စနစ်ကို အခမဲ့အသုံးပြုခွင့်ရရှိပြီးဖြစ်သည်။

မြို့တော်ပေကျင်းသို့ ၂၀၁၁ခုနှစ်တွင် ပြည်တွင်းနှင့် ပြည်ပခရီးသည် ၂၁၄သန်းလာရောက်ခဲ့သည်။ ယင်းမှာ နှစ်အလိုက်နှိုင်းယှဉ်ချက်အရ ၁၆ဒသမ ၄ရာခိုင်နှုန်း ပိုမိုတိုးတက်လာခြင်းဖြစ်သည်။ ***ဆင်ဟွာ။***

**မြို့တော်ပေကျင်းသို့ အလည်အပတ်လာရောက်သော ကမ္ဘာလှည့်ခရီးသည်တစ်စုကို တွေ့ရစဉ်။**



လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်အား ကိုရီးယားသမ္မတနိုင်ငံ Ministry of Public Adminstration and Security မှ ဒုတိယဝန်ကြီး Mr. Lee Samkul ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။

(သတင်းစဉ်)

# လယ်ယာကဏ္ဍနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးရွာသစ်ဖွံ့ဖြိုးစီမံကိန်းလုပ်ငန်းများ ပူးပေါင်းအကောင်အထည်ဖော်ရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေး

နေပြည်တော် ဖေဖော်ဝါရီ ၃

**လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်အား ကိုရီးယားသမ္မတနိုင်ငံ Ministry of Public Adminstration and Security မှ ဒုတိယဝန်ကြီး Mr. Lee Samkul ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး Mr. Kim Hae-yong လိုက်ပါလျက် ယနေ့နံနက် ၈ နာရီခွဲတွင် အဆိုပါဝန်ကြီးရုံး၌ လာရောက်တွေ့ဆုံပြီး လယ်ယာကဏ္ဍနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးရွာသစ်ဖွံ့ဖြိုးစီမံကိန်း (New Village Movement Pilot Project) လုပ်ငန်းများ ပူးပေါင်းအကောင်အထည်ဖော်ရေးဆိုင်ရာကိစ္စရပ်များကို တွေ့ဆုံဆွေးနွေးကြသည်။**

### ဆွေးနွေး

ထို့နောက် ဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံနှင့်ကိုရီးယားသမ္မတနိုင်ငံတို့အကြား ကျေးလက်ဒေသများ မြို့ပြကဲ့သို့ ဖွံ့ဖြိုးတိုးတက်လာစေရန်၊ ကျေးလက်ဒေသ စိုက်ပျိုးရေးကဏ္ဍ တိုးတက်စေရေးအတွက် ဆန်စပါးသီးနှံအပြင် အပိုဝင်ငွေရ သီးနှံမျိုးစေ့များ ထုတ်လုပ်ရေး ပူးပေါင်းဆောင်ရွက်ရန်၊ စပ်မျိုးနည်းပညာ (Hybridization) နှင့် စပ်မျိုးစပါး မျိုးစေ့များထုတ်လုပ်ရေး၊ ဆည်မြောင်းတာတမံစီမံကိန်းများတွင် နည်းပညာ အကူအညီပေးရေး၊ ဘဏ္ဍာရေးနှင့် စိုက်ပျိုးရေးနည်းပညာကဏ္ဍများတွင် အထောက်အပံ့အကူအညီပေးရေး၊ ကိုရီးယားစိုက်ပျိုးရေးတက္ကသိုလ်များတွင် လူငယ်ကျောင်းသားများ တက်ရောက်သင်ကြားရေး၊ ရှိရင်းစွဲနှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုနှင့် ချစ်ကြည်ရေး တိုးတက်ခိုင်မာစေရန် တောင်သူလယ်သမားအချင်းချင်း၊ ပညာရှင်အချင်းချင်း၊ တက္ကသိုလ်အချင်းချင်း၊ ဌာနအချင်းချင်း အပြန်အလှန်ပူးပေါင်းဆောင်ရွက်နိုင်မည့် အလားအလာများကို ဆွေးနွေးကြသည်။

အဆိုပါတွေ့ဆုံဆွေးနွေးပွဲသို့ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးအုန်းသန်းနှင့် ဦးခင်ဇော်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ စိုက်ပျိုးရေးတက္ကသိုလ် ပါမောက္ခချုပ်နှင့် ကိုရီးယားသမ္မတနိုင်ငံမှ Mr. Kim Weon jin (Director General International Adminstration Development Center)နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ (သတင်းစဉ်)

# ဆဋ္ဌအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ သောဠသမအစည်းအဝေးနှင့် ဆဋ္ဌအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဆဋ္ဌအစည်းအဝေးကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၃

ဆဋ္ဌအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ သောဠသမအစည်းအဝေးကို ၁၃၇၃ ခုနှစ် တပို့တွဲလပြည့်ကျော် ၁၄ ရက်နှင့် တပေါင်းလဆန်း (၁/၂)ရက်၊ ဖေဖော်ဝါရီ (၂၁၊ ၂၂၊ ၂၃)ရက် (အင်္ဂါ၊ ဗုဒ္ဓဟူး၊ ကြာသပတေးနေ့)တို့တွင် အကြိုညှိနှိုင်းအစည်းအဝေးကျင်းပ၍ ၁၃၇၃ ခုနှစ် တပေါင်းလဆန်း (၃၊၄)ရက်၊ ဖေဖော်ဝါရီ(၂၄၊၂၅)ရက် (သောကြာ၊ စနေနေ့)တို့တွင် အစည်းအဝေးကို ကျင်းပမည်ဖြစ်ရာ နိုင်ငံတော်သံဃမဟာနာယကဆရာတော်ကြီးများသည် ၁၃၇၃ ခုနှစ် တပို့တွဲလပြည့်ကျော် ၁၃ ရက်၊ ဖေဖော်ဝါရီ ၂၀ ရက် (တနင်္လာနေ့)တွင် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေသို့အရောက် ကြွရောက်ရန် လည်းကောင်း၊ ဆဋ္ဌအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဆဋ္ဌအစည်းအဝေးကို ၁၃၇၃ ခုနှစ် တပေါင်းလဆန်း(၆၊ ၇၊ ၈)ရက်၊ ဖေဖော်ဝါရီ (၂၇၊ ၂၈၊၂၉)ရက် (တနင်္လာ၊ အင်္ဂါ၊ ဗုဒ္ဓဟူးနေ့)တို့တွင် ကျင်းပမည်ဖြစ်ရာ နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်ကြီးများနှင့် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်ကြီးများသည် ၁၃၇၃ခုနှစ် တပေါင်းလဆန်း ၅ ရက်၊ ဖေဖော်ဝါရီ ၂၆ ရက် (တနင်္ဂနွေနေ့)တွင် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေသို့အရောက် ကြွရောက်ရန်လည်းကောင်း ပင့်စာများဖြင့် ပင့်လျှောက်ထားပြီး ပင့်စာများအချိန်မီမရောက်ရှိပါကလည်း အထက်ပါနေ့ရက်များတွင် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေသို့အရောက် ကြွရောက်တော်မူကြပါရန် ပင့်လျှောက်ထားကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။ (သတင်းစဉ်)

# ဩဝါဒပါတိမောက်အခါတော်နေ့ ပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၃

မေတ္တာဗြူဟာအဖွဲ့က ကြီးမှူးကျင်းပမည့် (၂၂)ကြိမ်မြောက် ဩဝါဒပါတိမောက် ဓမ္မစေတီတော် ဗုဒ္ဓပူဇနီယပွဲတော်နှင့် ဩဝါဒပါတိမောက် အခါတော်နေ့ပူဇော်ပွဲကို ဖေဖော်ဝါရီ ၆ ရက် ညနေ ၅ နာရီမှ ဖေဖော်ဝါရီ ၇ ရက် နံနက် ၅ နာရီအထိ ရန်ကုန်မြို့ ဗိုလ်တထောင်စေတီတော်ရှိ ဩဝါဒပါတိမောက် ဓမ္မစေတီတော်နှင့် ဆိပ်ကမ်းဓမ္မာရုံတို့၌ ကျင်းပမည်ဖြစ်သည်။

ဓမ္မပူဇာအဖြစ် ဩဝါဒပါတိမောက် ဒေသနာတော်ကို ရွတ်ဆိုပူဇော်၍ အသံမစဲ မေတ္တာပွားများပြီး ထမနဲအလှူတော်တို့ဖြင့် ပူဇော်မည်ဖြစ်ရာ အဖွဲ့ဝင်များ၊ ဓမ္မမိတ်ဆွေများ ကြွရောက်ပူဇော်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# ပြည်ထောင်စုတရားသူကြီးချုပ်၏ မှာကြားချက်များ မကွေးတိုင်းဒေသကြီး၌ ထပ်ဆင့်ရှင်းလင်းပွဲကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၃

ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများနှင့် တိုင်းဒေသကြီး/ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်များ၊ တိုင်းဒေသကြီး/ပြည်နယ် တရားရေးဦးစီးမှူးများ၏ ဒုတိယအကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေး အတွေ့အကြုံရှင်းလင်းပွဲအခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီတွင် မကွေးခရိုင်တရားရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မကွေးတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဦးစိန်ထွန်းက နေပြည်တော်၌ ကျင်းပခဲ့သည့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ဒုတိယအကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ပြည်ထောင်စုတရားသူကြီးချုပ်၏ တရားစီရင်ရေးဆိုင်ရာ စီမံခန့်ခွဲရေးနှင့် ထောက်ပံ့ဆိုင်ရာ မှာကြားချက်များကို ထပ်ဆင့်ရှင်းလင်းသည်။

အဆိုပါ အခမ်းအနားသို့ မကွေးတိုင်းဒေသကြီးအတွင်းရှိ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးများ၊ တိုင်းဒေသကြီး တရားရေးဦးစီးမှူး၊ ဒုတိယညွှန်ကြားရေးမှူးနှင့် ဦးစီးအရာရှိများ၊ ခရိုင်၊ မြို့နယ် တရားရုံးများမှ တရားသူကြီးများနှင့် ဒုတိယဦးစီးမှူးများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



**ပြည်ထောင်စုတရားလွှတ်တော်ချုပ် ဒုတိယအကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ပြည်ထောင်စုတရားသူကြီးချုပ်၏ မှာကြားချက်များကို မကွေးတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဦးစိန်ထွန်း ထပ်ဆင့်ရှင်းလင်းစဉ်။**

(သတင်းစဉ်)

# အရဟံဦးဆွမ်းလောင်းအဖွဲ့ အစဉ်အလာမပျက် ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၃

ရန်ကုန်မြို့ အင်းစိန်မြို့နယ် မြို့သစ်(ဂ)ရပ်ကွက် ရာကျော်လမ်းမရှိ အရဟံဦးဆွမ်းလောင်းအဖွဲ့သည် ရာကျော်လမ်းမ မက်(စ်)မြန်မာကုမ္ပဏီရှေ့ အလျှုမင်္ဂလာမဏ္ဍပ် ဆွမ်းလောင်းဓမ္မာရုံ၌ မြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများ၊ စာသင်တိုက်များ၊ သီလရှင်စာသင်တိုက်များမှ ရဟန်း၊ သံဃာ၊ သီလရှင်အပါး ၃၂၀ တို့အား ၂၀၁၁ ခုနှစ် အောက်တိုဘာလ အင်္ဂါနေ့မှ ၂၀၁၂ ခုနှစ် ဇူလိုင်လ အင်္ဂါနေ့အထိ ဆွမ်းလောင်းလှူမှုများကို ကျင်းပလျက်ရှိသည်။ အဆိုပါဆွမ်းလောင်းလှူမှုအထိမ်းအမှတ်အဖြစ် ဖေဖော်ဝါရီ ၂ ရက်မှ ၅ ရက်အထိ ဒုတိယအကြိမ် ဓမ္မပူဇာသဘင်အဖြစ် ညစဉ် ၈ နာရီမှ စတင်၍ အရှင်ဇနက၊ အရှင်သုမင်္ဂလ(ဝေါ)၊ အရှင်ခေမိန္ဒ၊ အရှင်ကောဝိဒ(မဇ္ဈိမဂုဏ်ရည်) ဆရာတော်လေးပါးတို့၏ တရားပွဲများ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ (၆၈၄)

# စီးပွားရေးဖွံ့ဖြိုးမှုမဟာဗျူဟာနှင့် မြန်မာနိုင်ငံ၏ ရှေ့အလားအလာအကြောင်း ဟောပြောမည်

ရန်ကုန် ဖေဖော်ဝါရီ ၃

မြန်မာနိုင်ငံစီးပွားရေးနှင့် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားရေးပညာပေးဟောပြောပွဲများကို မြန်မာနိုင်ငံ စီးပွားရေးတက္ကသိုလ်ဘွဲ့ရများအသင်းမှ ဦးဆောင်ကျင်းပပေးလျက်ရှိရာ အထူးအစီအစဉ်အဖြစ် ပြည်ပမှ စီးပွားရေးပညာရှင်ပါမောက္ခကြီးများအား ဖိတ်ကြား၍ စီးပွားရေးပညာရပ်ဆိုင်ရာ အထူးဟောပြောပွဲကို မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)ခန်းမ အမှတ်(၂၉) မင်းရဲကျော်စွာလမ်း လမ်းမတော်မြို့နယ်၌ ဖေဖော်ဝါရီ ၁၁ ရက် (စနေနေ့) နံနက် ၁၀ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ကျင်းပမည်ဖြစ်ရာ စိတ်ပါဝင်စားသူမည်သူမဆို (အခမဲ့)တက်ရောက်နိုင်ကြောင်း သိရသည်။

စီးပွားရေးဖွံ့ဖြိုးမှုမဟာဗျူဟာနှင့် ၂၁ ရာစု ကမ္ဘာ့စီးပွားရေးတွင် မြန်မာနိုင်ငံ၏ ရှေ့အလားအလာခေါင်းစဉ်ဖြင့် ဟောပြောပေးမည်ဖြစ်သည်။ ဟောပြောပေးမည့် ပြည်ပစီးပွားရေးပညာရှင်ကြီးများမှာ ဒေါက်တာဦးလှမြင့်(ယခင် ရန်ကုန်တက္ကသိုလ် ပါမောက္ခချုပ်၊ ပါမောက္ခ(ငြိမ်း)ဘောဂဗေဒဌာန လန်ဒန်တက္ကသိုလ် UK၊ ယခင်ပြည်ထောင်စုမြန်မာနိုင်ငံအစိုးရ စီးပွားရေးအတိုင်ပင်ခံ)၊ ဒေါက်တာ RONALD FINDLAY (ယခင် ပါမောက္ခ ဘောဂဗေဒဌာန ရန်ကုန်စီးပွားရေးတက္ကသိုလ်၊ ပါမောက္ခ(ငြိမ်း)ဘောဂဗေဒဌာန ကိုလံဘီယာတက္ကသိုလ် USA)၊ ဒေါက်တာ JOSEPH STIGLITZ (ပါမောက္ခ ဘောဂဗေဒဌာန ကိုလံဘီယာတက္ကသိုလ် USA) တို့ဖြစ်ကြသည်။ အခမ်းအနားသဘာပတိအဖြစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံး နိုင်ငံတော်စီးပွားရေးအကြံပေးအဖွဲ့ခေါင်းဆောင် ဒေါက်တာဦးမြင့်(အကြီးတန်း ဘောဂဗေဒပညာရှင်(ငြိမ်း)၊ ကမ္ဘာ့ကုလသမဂ္ဂရုံး)က ပါဝင်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။ (ကြေးမုံ)

ခြင်ဆေးခွေသုံးလျှင် အနီးတွင် လောင်စာပစ္စည်း မထားနှင့်

**ညွှန်ကြားရေးမှူးချုပ်(ကိုယ်စား) ဝင်ငွေခွန်ဌာနခွဲ ညွှန်ကြားရေးမှူး ဦးစန်းလွင် ပြည်တွင်းအခွန်များဦးစီးဌာန ကွန်ပျူတာနှင့် ရုံးလုပ်ငန်းအခြေခံသင်တန်းအမှတ်စဉ်(၃၁)တွင် ပထမဆုရရှိသူအား ဆုပေးအပ်ချီးမြှင့်စဉ်။**

(သတင်းစဉ်)



# ပြည်တွင်းအခွန်များဦးစီးဌာန ကွန်ပျူတာနှင့် ရုံးလုပ်ငန်း အခြေခံသင်တန်းအမှတ်စဉ်(၃၁)သင်တန်းဆင်းပွဲ မန္တလေး၌ ကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၃

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာန ကွန်ပျူတာနှင့် ရုံးလုပ်ငန်းအခြေခံသင်တန်း အမှတ်စဉ်(၃၁) သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် မန္တလေးတိုင်းဒေသကြီး ပြည်တွင်းအခွန်များဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ညွှန်ကြားရေးမှူးချုပ် (ကိုယ်စား) ဝင်ငွေခွန်ဌာနခွဲ ညွှန်ကြားရေးမှူး ဦးစန်းလွင် တက်ရောက်၍ သင်တန်းဆင်းအမှာစကားပြောကြားပြီး သင်တန်းတွင် ပထမ၊ ဒုတိယနှင့် တတိယ ဆုရရှိကြသူများအား ဆုများပေးအပ်ချီးမြှင့်သည်။

အဆိုပါသင်တန်းသို့ မန္တလေးတိုင်းဒေသကြီး ပြည်တွင်းအခွန်များဦးစီးဌာနမှ သင်တန်းသား ၄၀ တို့ တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ ရက်သတ္တ ငါးပတ်ကြာမြင့်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ဒီမိုကရေစီအစစ်အမှန်၊ ရွေးကောက်ပွဲတွင် အခြေခံ လွတ်လပ် မျှတ ဆောင်ရွက်ရန်

ကိုကိုအောင်

ဒီမိုကရေစီဟူသည် Demo Critia ဟူသည့် လက်တင်ဘာသာစကားဖြစ်ပြီး Demo အများပြည်သူ၊ Critia အုပ်ချုပ်ခြင်းဟု အဓိပ္ပာယ်ရသည်။ ဒီမိုကရေစီ၏ အဓိပ္ပာယ်ကို အမေရိကန်သမ္မတ အီဗရာဟင်လင်ကွန်းက Government of the People, by the People, for the People ပြည်သူ့အတွက် ပြည်သူရွေးသော ပြည်သူ့အစိုးရဖြင့် အုပ်ချုပ်ခြင်းဟု ဖွင့်ဆိုခဲ့ဖူးသည်။

ထို့ကြောင့် ဒီမိုကရေစီအစစ်အမှန်ကို ဖော်ဆောင်မည်ဆိုလျှင် အချုပ်အခြာအာဏာကို ပြည်သူအားလုံး၏ကိုယ်စား ကိုင်တွယ်ကျင့်သုံးမည့် ပြည်သူ့ကိုယ်စားလှယ်များ ရွေးကောက်တင်မြှောက်ခြင်းသည် မလွဲမသွေဖြတ်သန်းရမည့် ဒီမိုကရေစီကျင့်စဉ်တစ်ရပ်ဟု ဆိုနိုင်ပါသည်။ ပြည်သူ့ကိုယ်စားလှယ်(လွှတ်တော်ကိုယ်စားလှယ်)များ ရွေးကောက်တင်မြှောက်သည့်အဆင့်မှာကတည်းက ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၆ (င)တွင် ပြဋ္ဌာန်းထားသည့်အတိုင်း တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်းတည်းဟူသော အခြေခံမူများကို ကိုင်စွဲကျင့်သုံးဖို့ အထူးအရေးကြီးပါသည်။

ဤနေရာတွင် တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့်ညီမျှခြင်းဟူသည် စည်းကမ်းမဲ့ခြင်း မဟုတ်သည်ကို သတိချပ်ရပါမည်။ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၇ တွင် "နိုင်ငံတော်သည် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးသည်"ဟု ပြဋ္ဌာန်းချက်နှင့်အညီ ဒီမိုကရေစီကို အမှန်တကယ်စစ်မှန်စေလိုလျှင် စည်းကမ်းပြည့်ဝရမည်ဖြစ်ပေသည်။ တရားမျှတခြင်း (Justified)၊ လွတ်လပ်ခြင်း (Liberty)၊ ညီမျှခြင်း (Equality)ဆိုသည့် စကားရပ်တစ်ခုချင်းမှာပင် စည်းကမ်းပြည့်ဝမှုသည် အလိုအလျောက်ပါရှိနေပြီးဖြစ်သည်။ နိုင်ငံသားအားလုံး လိုက်နာရန် ထုတ်ပြန်ပြဋ္ဌာန်းထားသည့် ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းများသည် တစ်စုံတစ်ယောက်ကိုသာ လိုက်နာစေပြီး အခြားတစ်စုံတစ်ယောက်က လိုက်နာဖို့မလိုသည့် ပြဋ္ဌာန်းချက်များမဟုတ်ပါ။ သူ့ဘက် ကိုယ့်ဘက် အခွင့်အရေး (Rights) နှင့် တာဝန် (Duty)များကို မျှမျှတတ ပြဋ္ဌာန်းထားပြီး အားလုံးပေါ်တွင် တန်းတူအကျိုး သက်ရောက်မှုရှိစေသော စည်းကမ်းဥပဒေများ ဖြစ်ကြပါသည်။ ဥပဒေ၏အထက်တွင် မည်သူမျှမရှိ (Nobody above the Law) ဟူသည့်မူသဘောဆောင်ပါသည်။

မြန်မာနိုင်ငံ၌ မကြာမီကာလအတွင်း လွှတ်တော်ကိုယ်စားလှယ် လစ်လပ်နေသည့် နေရာအသီးသီးအတွက် ကြားဖြတ်ရွေးကောက်ပွဲများ ကျင်းပမည်ဖြစ်ကြောင်း ကြေညာချက်များထုတ်ပြန်ထားပါသည်။ ရွေးကောက်ပွဲဟူသည် လွတ်လပ်ဖို့၊ တရားမျှတဖို့ လိုအပ်ပါသည်။ သို့မှသာ ပြည်သူ့ဆန္ဒနှင့်အညီ ရွေးချယ်တင်မြှောက်လိုက်သော ပြည်သူ့ကိုယ်စားလှယ်(အစစ်အမှန်)များ လွှတ်တော်သို့ ရောက်ရှိနိုင်ပါသည်။ မြန်မာပြည်တွင် "ရွေးကောက်ပွဲ"ဟု ဆိုလိုက်သည်နှင့် မဲဆွယ်စည်းရုံးမှု (Election Campaign)ဟူသည့် အသုံးအနှုန်းသည်လည်း ပါတီနှင့် လူထုအကြား ဖောဖောသီသီ သုံးစွဲလာသည်ကို တွေ့ရပါသည်။

Election Campaign ကို အခြားသူများ မည်သို့ အဓိပ္ပာယ်ဖွင့်ဆိုကြသည် မသိသော်လည်း ဆောင်းပါးရှင်အနေဖြင့် စည်းရုံးရေးလုပ်ငန်းစဉ်တစ်ခုဟုသာ ရှုမြင်ပါသည်။ ပြည်သူ့ဆန္ဒ၊ ပြည်သူ့ထောက်ခံမှု ရယူလိုကြသည့် နိုင်ငံရေးပါတီများသည် ပြည်သူ့အကျိုးကိုဆောင်ရွက်ပြီး ပြည်သူကို စည်းရုံးရမည်။ ရွေးကောက်ပွဲနီးမှ တစ်ပွဲတိုး စည်းရုံးရန်မဟုတ်ဘဲ ပြည်သူထောက်ခံမှုရရှိအောင် အစဉ်တစိုက် စည်းရုံးနေကြရပါသည်။ ရွေးကောက်ပွဲနီးမှ စည်းရုံးခြင်း(လွှတ်တော်ကိုယ်စားလှယ်လောင်းများ သတ်မှတ်အတည်ပြုပြီးမှ စည်းရုံးခြင်း)ကိုမူ ရွေးကောက်ပွဲအတွက် မဲဆွယ်စည်းရုံးမှုဟု ဆိုနိုင်ပါသည်။

နိုင်ငံရေးပါတီကိုယ်စားပြုယှဉ်ပြိုင်ကြမည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများနှင့် တစ်သီးပုဂ္ဂလယှဉ်ပြိုင်ကြမည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများက ပြည်သူလူထုကို မဲဆွယ်စည်းရုံးနိုင်ရန် သက်ဆိုင်ရာကော်မရှင်က ကြေညာချက် (၉၁/၂၀၁၀)ဖြင့် ၂၀၁၀ ပြည့်နှစ် ဩဂုတ်လ ၁၈ ရက်နေ့ကတည်းက ထုတ်ပြန်ကြေညာပေးထားကြောင်း တွေ့ရပါသည်။ ယင်းကြေညာချက်တွင် ရွေးကောက်ပွဲဝင်မည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများသာမက ယင်းတို့၏ ရွေးကောက်ပွဲကိုယ်စားလှယ်တို့ကပါ ရွေးကောက်ပွဲအောင်နိုင်ရေးအတွက် (က) သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲ၏ ခွင့်ပြုချက်ဖြင့် သတ်မှတ်သည့်နေရာတွင် စုဝေးခြင်းနှင့် ဟောပြောခြင်း ပြုလုပ်နိုင်ကြောင်း၊ (ခ) ပြန်ကြားရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် ညွှန်ကြားချက်အမှတ် (၄၂)နှင့်အညီ ရေးသားပုံနှိပ်ထုတ်ဝေတင်ပြနိုင်ကြောင်း နည်းလမ်းနှစ်မျိုးဖြင့် ခွင့်ပြုပေးထားသည်ကို တွေ့ရသည်။

ပထမနည်းလမ်းဖြစ်သည့် ပြည်သူလူထုကို စုဝေးဟောပြောခြင်းဖြင့် မဲဆွယ်စည်းရုံးလိုပါက သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲသို့ ၇ ရက်ကြိုတင်၍ ခွင့်ပြုမိန့်လျှောက်ထားရမည်ဖြစ်ကြောင်း၊ (သို့ရာတွင် ပါတီဌာနချုပ်နှင့် ပါတီရုံးခွဲများတွင် စုဝေးဟောပြောခြင်းဖြစ်ပါက ခွင့်ပြုမိန့်တောင်းရန်မလိုဘဲ ကြိုတင်အသိပေးတင်ပြရန်သာ ဖြစ်ကြောင်း) စုဝေးဟောပြောရန် လျှောက်ထားခွင့်ရှိသူများမှာ လွှတ်တော်ကိုယ်စားလှယ်လောင်းများနှင့် ယင်းတို့၏ ရွေးကောက်ပွဲကိုယ်စားလှယ်များ ဖြစ်ကြောင်း၊ လျှောက်လွှာတွင် စုဝေးဟောပြောပွဲပြုလုပ်လိုသည့် နေရာ၊ နေ့ရက်၊ စတင်ပြုလုပ်မည့် အချိန်နှင့် ပြီးဆုံးမည့်(ခန့်မှန်း)အချိန်၊ (ခန့်မှန်း)တက်ရောက်မည့်အင်အား၊ ဟောပြောမည့် ပုဂ္ဂိုလ်များ၏ အမည်၊ မှတ်ပုံတင်အမှတ်နှင့် နေရပ်လိပ်စာ၊ လျှောက်ထားသူ၏ အမည်၊ မှတ်ပုံတင်အမှတ်နှင့် နေရပ်လိပ်စာတို့ကို ဖော်ပြလျှောက်ထားရမည်ဖြစ်ကြောင်း တိကျစွာ သတ်မှတ်ပေးထားပါသည်။

သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲများသည် ထိုသို့ စုဝေးဟောပြောလိုကြောင်း လျှောက်ထားလာပါက လျှောက်ထားချက်ကို လိုအပ်သလိုစိစစ်ပြီး ခွင့်ပြုမိန့်ထုတ်ပေးခြင်း/ငြင်းပယ်ခြင်းတို့ ပြုနိုင်ကြောင်း၊ ခွင့်ပြုမိန့်ထုတ်ပေးပါက ခွင့်ပြုသည့် နေ့ရက်နှင့် နေရာ၊ စတင်ရမည့်အချိန်နှင့် ပြီးဆုံးရမည့်အချိန်၊ ဟောပြောခွင့်ရရှိသည့် ပုဂ္ဂိုလ်များ၏ အမည်၊ မှတ်ပုံတင်အမှတ်နှင့် နေရပ်လိပ်စာတို့ကို ဖော်ပြ၍ ခွင့်ပြုမိန့်ကို ဟောပြောခြင်း မစတင်မီ ၄၈ နာရီ ကြိုတင်ထုတ်ပေးမည်ဖြစ်ကြောင်း၊ ငြင်းပယ်လျှင်လည်း အလားတူ ၄၈ နာရီမတိုင်မီ ကြိုတင်အကြောင်းကြားမည် ဖြစ်ကြောင်း၊ သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲများအနေဖြင့် မိမိနယ်မြေဒေသအတွင်း စုဝေးခြင်းနှင့် ဟောပြောခြင်းပြုလုပ်ရန် ခွင့်ပြုနိုင်မည့် အများပြည်သူတို့နှင့် သက်ဆိုင်သော နေရာဒေသများကို သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့်ညှိနှိုင်း၍ ကြိုတင်သတ်မှတ်ထားရမည်ဖြစ်ကြောင်း၊ စုဝေးခြင်း၊ ဟောပြောခြင်းတို့ကို ပျက်ပြားအောင် မပြုနိုင်စေရန်နှင့် နှောင့်ယှက်ခြင်းမပြုနိုင်စေရန် သက်ဆိုင်ရာ အုပ်ချုပ်ရေး/လုံခြုံရေး အဖွဲ့အစည်းများက လိုအပ်သော ကာကွယ်စောင့်ရှောက်မှုများ ပြုလုပ်ပေးရန် ညှိနှိုင်းပေးရမည်ဖြစ်ကြောင်း၊ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေအေးချမ်းသာယာရေးတို့ကို ထိပါးမည့်အန္တရာယ်မှ ကာကွယ်နိုင်ရန် သက်ဆိုင်ရာ အုပ်ချုပ်ရေး/လုံခြုံရေး အဖွဲ့အစည်းများက လိုအပ်သော အစီအစဉ်များ ပြုလုပ်ပေးရန် ညှိနှိုင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း အသေးစိတ်တာဝန်နှင့် လုပ်ပိုင်ခွင့်များကို သတ်မှတ်ပေးထားပါသည်။

ထို့အပြင် သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲများသည် စုဝေးဟောပြော(မဲဆွယ်စည်းရုံး)ရန် ခွင့်ပြုမိန့် ထုတ်ပေးပါက အောက်ပါစည်းကမ်းချက်များကို လိုအပ်သလို သတ်မှတ်နိုင်ကြောင်း ဖော်ပြထားသည်ကို တွေ့ရသည်-

(၁) အစိုးရရုံးများ၊ အဖွဲ့အစည်းများ၊ စက်ရုံ၊ အလုပ်ရုံနှင့် အလုပ်ဌာနများ၊ ဈေးများ၊ အားကစားကွင်းများ၊ သာသနာရေးနှင့်ဆိုင်သည့် နေရာများ၊ စာသင်ကျောင်းများနှင့် ပြည်သူ့ဆေးရုံများ စသည့် လူစုလူဝေးရှိသည့် နေရာများကို အနှောင့်အယှက် မဖြစ်စေရန်၊

(၂) အဆောက်အအုံများ၊ ခန်းမများတွင် စုဝေးခြင်း၊ ဟောပြောခြင်းများ ပြုလုပ်ပါက ဝင်ဆံ့သည့် အရေအတွက်ထက် မကျော်လွန်စေရန်၊ (အဆောက်အအုံများနှင့် ခန်းမများ၏ ပြင်ပတွင် လူစုလူဝေးရှိမနေစေရန် တာဝန်ယူစေရမည်။)

(၃) စုဝေးခြင်း၊ ဟောပြောခြင်းပြုလုပ်ရန် ခွင့်ပြုသည့်နေရာတွင် ကွင်းတစ်ခုခု ဖြစ်ပါက ဝင်ဆံ့သည့် အရေအတွက်ထက် မကျော်လွန်စေရန်၊

(၄) တုတ်၊ ဓား၊ လက်နက်၊ ခဲယမ်းမီးကျောက်များနှင့် အခြား ဘေးအန္တရာယ် ဖြစ်စေနိုင်သော အရာများကို ကိုင်ဆောင်ခြင်းမပြုရန်၊

(၅) ယာဉ်သွားလာခြင်းကို အနှောင့်အယှက်မဖြစ်စေရန်နှင့် လမ်းများပိတ်ဆို့ခြင်း မပြုရန်၊

(၆) ပတ်ဝန်းကျင်ကို အနှောင့်အယှက် မဖြစ်စေရေးအတွက် (Sound Box)ကို ခွင့်ပြုသည့် အခန်းအတွင်း သို့မဟုတ် ကွင်းအတွင်း ကြားနိုင်ရုံသာ အသုံးပြုရန်၊

(၇) အသံချဲ့စနစ်ကို တည်ဆဲဥပဒေ စည်းကမ်းများနှင့်အညီ အသုံးပြုရန်၊

(၈) အခြားသတ်မှတ်လိုသော စည်းကမ်းချက်များ။

စုဝေးဟောပြော(မဲဆွယ်စည်းရုံး)မည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများနှင့် ရွေးကောက်ပွဲကိုယ်စားလှယ်များသည် စုဝေးဟောပြောခြင်းနှင့် ရေးသားပုံနှိပ်ထုတ်ဝေခြင်းတို့ပြုရာတွင် အောက်ပါတားမြစ်ချက်များကို လိုက်နာရမည်ဖြစ်ကြောင်း သတ်မှတ်ညွှန်ကြားထားသည်ကို တွေ့ရသည်-

(က) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို ထိခိုက်စေသည့် ပြုလုပ်မှု၊

(ခ) လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အေးချမ်းသာယာရေးကို ထိခိုက်စေသည့် ပြုလုပ်မှု၊

(ဂ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တည်ဆဲဥပဒေများကို လေးစားလိုက်နာမှု မရှိခြင်း၊

(ဃ) နိုင်ငံတော်အား အကြည်ညိုပျက်စေရန် သို့မဟုတ် ဂုဏ်သိက္ခာထိပါးစေရန် ဟောပြောခြင်း၊ ရေးသားပုံနှိပ် ထုတ်ဝေခြင်း၊

(င) တပ်မတော်ပြိုကွဲရေးကို ဖြစ်ပေါ်စေရန် သို့မဟုတ် တပ်မတော်၏ ဂုဏ်သိက္ခာကို ထိခိုက်စေရန် ဟောပြောခြင်း၊ ရေးသားပုံနှိပ်ထုတ်ဝေခြင်း၊

(စ) လူမျိုးရေး သို့မဟုတ် ဘာသာရေး သို့မဟုတ် လူတစ်ဦးချင်း သို့မဟုတ် လူအများနှင့် ပတ်သက်၍ ပဋိပက္ခဖြစ်ပေါ်စေနိုင်သည့်၊ သိက္ခာနှင့် ကိုယ်ကျင့်တရားကို ထိခိုက်စေနိုင်သည့် ရေးသားမှု၊ ဟောပြောမှု သို့မဟုတ် စည်းရုံးလှုံ့ဆော်မှု ပြုလုပ်ခြင်း၊

(ဆ) ဘာသာရေးကို နိုင်ငံရေးအတွက် အလွဲသုံးစားပြုလုပ်ခြင်း၊

(ဇ) ငြိမ်းချမ်းစွာပညာသင်ကြားရေးကို ထိခိုက်ပျက်ပြားစေရန် သွေးထိုးလှုံ့ဆော်ဟောပြောခြင်း၊ ရေးသားပုံနှိပ်ထုတ်ဝေခြင်း၊

(ဈ) နိုင်ငံ့ဝန်ထမ်းများအား ယင်းတို့၏ တာဝန်ကို ကျေပွန်စွာ မထမ်းဆောင်နိုင်စေရန် သို့မဟုတ် အစိုးရအား ဆန့်ကျင်ဆန္ဒပြစေရန် သွေးထိုးလှုံ့ဆော်ဟောပြောခြင်း၊ ရေးသားပုံနှိပ်ထုတ်ဝေခြင်း။

နိုင်ငံရေးပါတီဝင်များ၊ တစ်သီးပုဂ္ဂလ လွှတ်တော်ကိုယ်စားလှယ်လောင်းများ အပါအဝင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ နိုင်ငံသားအားလုံးတို့သည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တည်ဆဲဥပဒေများကို လေးစားလိုက်နာရန် တာဝန်ရှိကြပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၅၄(က)တွင် နိုင်ငံသားတိုင်းသည် နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး သို့မဟုတ် ပြည်သူတို့၏ ကိုယ်ကျင့်တရား အလို့ငှာ ပြဋ္ဌာန်းထားသည့် ဥပဒေများနှင့် မဆန့်ကျင်လျှင် မိမိ၏ ယုံကြည်ချက်၊ ထင်မြင်ယူဆချက်များကို လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၊ ရေးသားဖြန့်ဝေခွင့်ရှိသည်ဟု ပြဋ္ဌာန်းပါရှိပါသည်။ ယင်းအခြေခံဥပဒေ ပုဒ်မ ၃၉၉(စ)တွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ရွေးကောက်ပွဲဆိုင်ရာ သို့မဟုတ် နိုင်ငံရေးပါတီများဆိုင်ရာ နည်းဥပဒေများကို ဤဖွဲ့စည်းပုံအခြေခံဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ လည်းကောင်း၊ လုပ်ထုံးလုပ်နည်းများ၊ ညွှန်ကြားချက် စသည်များကို သက်ဆိုင်ရာဥပဒေများနှင့်အညီ လည်းကောင်း ထုတ်ပြန်ရန် တာဝန်ရှိကြောင်း၊ ယင်းအခြေခံဥပဒေ ပုဒ်မ ၄၀၂(ဂ)တွင် နိုင်ငံရေးပါတီဆိုင်ရာ ဥပဒေအရဆောင်ရွက်သော ကိစ္စရပ်များနှင့် စပ်လျဉ်းသည့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ဆုံးဖြတ်ချက်နှင့် ဆောင်ရွက်ချက်များသည် အပြီးအပြတ်အတည်ဖြစ်ကြောင်း ပြဋ္ဌာန်းချက်များပါရှိသည်ကို လေ့လာတွေ့ရှိရပါသည်။

မဲဆွယ်စည်းရုံးမှု(Election Campaign)နှင့် စပ်လျဉ်း၍ စာရေးသူလေ့လာ သိရှိသလောက် တင်ပြရလျှင် ၁၉၉၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင်လည်း နိုင်ငံတော်အစိုးရ (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အစိုးရ)က ၂၃-၂-၁၉၉၀ ရက်စွဲပါ အမိန့်အမှတ် (၃/၉၀)ဖြင့် စုဝေးခွင့်နှင့် မဲဆွယ်ခွင့်ဆိုင်ရာအမိန့်ကို ထုတ်ပြန်ခွင့်ပြုပေးခဲ့ဖူးပါသည်။ ယင်း နဝတအမိန့် (၃/၉၀)တွင်လည်း အလားတူ ခွင့်ပြုမိန့်လျှောက်ထားရခြင်း၊ ခွင့်ပြုမိန့်ပါ စည်းကမ်းချက်များနှင့် တားမြစ်ချက်များကို လိုက်နာရခြင်းတို့ရှိခဲ့ကြောင်း ဖတ်ရှုလေ့လာရပါသည်။

ယခုအခါတွင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ အတည်ဖြစ်ပြီးဖြစ်၍ ဖွဲ့စည်းပုံအခြေခံဥပဒေပါ အပ်နှင်းထားသော တာဝန်နှင့် လုပ်ပိုင်ခွင့်များအရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စုဝေးဟောပြောခွင့် (မဲဆွယ်စည်းရုံးခွင့်)ဆိုင်ရာ အမိန့်ထုတ်ပြန်ခြင်းသာ ကွာခြားပြီး နိုင်ငံရေးပါတီများအားလုံးက အတွေ့အကြုံရှိခဲ့ပြီးသော အမိန့်ညွှန်ကြားချက်(ကြေညာချက်)များသာဖြစ်ကြောင်း တွေ့ရပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ယင်းစုဝေးဟောပြောခွင့် (မဲဆွယ်စည်းရုံးခွင့်)ဆိုင်ရာ ကြေညာချက်ကို နိုင်ငံရေးပါတီအားလုံးနှင့် အများပြည်သူ သိရှိအောင်လည်း ၁၉-၈-၂၀၁၀ ရက်နေ့ထုတ် သတင်းစာများတွင် ထည့်သွင်းဖော်ပြခဲ့ကြောင်း သိရပါသည်။ ထို့အပြင် ၃၁-၁-၂၀၁၂ ရက်နေ့ထုတ် သတင်းစာများတွင်လည်း မဲဆွယ်စည်းရုံးခွင့်အတွက် ကော်မရှင်ကြေညာချက် (၉၁/၂၀၁၀)ဖြင့် ထုတ်ပြန်ကြေညာထားကြောင်းနှင့် ယင်းကြေညာချက်အတိုင်း လိုက်နာ၍ ဥပဒေနှင့်အညီ မဲဆွယ်စည်းရုံးခြင်း/စုဝေးဟောပြောခြင်းတို့ ပြုလုပ်ကြရန် အသိပေးနှိုးဆော် (Public Awareness)မှုပြုလုပ်ထားကြောင်း တွေ့ရပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ကော်မရှင်ဥပဒေ ပုဒ်မ ၈(ဠ)အရ နိုင်ငံရေးပါတီများကို ဥပဒေနှင့်အညီ ဆောင်ရွက်စေရန် ကြီးကြပ်/လမ်းညွှန်ရမည့် တာဝန်ရှိသဖြင့် နိုင်ငံရေးပါတီအားလုံး လိုက်နာသင့်သည့် အမိန့်ညွှန်ကြားချက် (ကြေညာချက်)များကို ထုတ်ပြန်ပေးနေခြင်းဖြစ်ပါသည်။ ယင်းကော်မရှင် အမိန့်ညွှန်ကြားချက် (ကြေညာချက် ၉၁/၂၀၁၀)ကို လေ့လာကြည့်လျှင်လည်း နိုင်ငံရေးပါတီနှင့် တစ်သီးပုဂ္ဂလ လွှတ်တော်ကိုယ်စားလှယ်လောင်းများအနေဖြင့် ရွေးကောက်ပွဲအောင်နိုင်ရေးအတွက် မဲဆွယ်စည်းရုံးမှုပြုကြရာတွင် ပါတီအားလုံး၊ လွှတ်တော်ကိုယ်စားလှယ်လောင်းအားလုံး(တစ်ပြေးညီ)ဖြစ်စေရေးအတွက် စံပြုလိုက်နာသင့်သည့် အချက်များကိုသာ သတ်မှတ်ပေးထားခြင်းဖြစ်ကြောင်းလည်း တွေ့ရမည်ဖြစ်ပါသည်။ ယင်းခွင့်ပြုမိန့်ပါ စည်းကမ်းချက်နှင့် တားမြစ်ချက်များကိုလည်း လူပုဂ္ဂိုလ်/ပါတီအဖွဲ့အစည်းတစ်ခုတည်းကသာ လိုက်နာရခြင်းမဟုတ်ဘဲ ကိုယ်စားလှယ်လောင်းအားလုံး/ပါတီအားလုံးက (တစ်ပြေးညီ)လိုက်နာကြရန် သတ်မှတ်ညွှန်ကြားထားခြင်းဖြစ်ပါသည်။

ထို့ကြောင့် အခြေခံဥပဒေ ပုဒ်မ ၄၀၅ (ဂ)အတိုင်း စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အမှန်တကယ် လက်ခံကျင့်သုံးမည်ဆိုပါက ဥပဒေနှင့်အညီ ပြဋ္ဌာန်းညွှန်ကြားထားသည့် အမိန့်ညွှန်ကြားချက် (ကြေညာချက်)များကို တိကျစွာလိုက်နာဆောင်ရွက်သင့်ကြပါသည်။ သို့မှသာ လွတ်လပ်၍တရားမျှတသော ရွေးကောက်ပွဲများ အောင်အောင်မြင်မြင် ဆောင်ရွက်နိုင်ပြီး နိုင်ငံတော်အတွင်း တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့်ညီမျှခြင်းတည်းဟူသော လောကပါလတရားများ ထွန်းကားလာမည်ဟု ယုံကြည်မျှော်လင့်ပါကြောင်း ရေးသားတင်ပြလိုက်ရပေသည်။ ။



ဇန်နဝါရီ ၃ ရက်က ပဲခူးတိုင်းဒေသကြီး စုံညီပွဲတော်ကို ပဲခူးမြို့ အထက(၁)၌ ကျင်းပရာ တောင်ငူ အထက(၁)မှ ဘက်စုံထူးချွန်ဆုရ မအောင်ကြင်းထွန်းအား ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းတင် ဆုချီးမြှင့်စဉ်။

(မြို့နယ်ပြန်/ဆက်)



ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ်နေ ဦးသိန်းမြင့်-ဒေါ်ခင်သိန်းတို့က (၅၅)နှစ်မြောက် မင်္ဂလာနှစ်ပတ်လည် အလှူအဖြစ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီး (ရန်ကုန်)တွင် ဆောက်လုပ်နေသော သံဃာဆေးကုသဆောင်သစ်ကြီးအတွက် အလှူငွေကျပ် ၁၀ သိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမောင်မောင် လက်ခံစဉ်။

(ဇီဝိတဒါနသံဃာ့ဆေးရုံ)

## မပြောမပြီး မတီးမမြည်

# ရင်မအေးနိုင်ပါပြီ

ကိုရွှေမောင်း

မြန်မာစကားပုံများတွင် မိန်းမတို့ဘုန်း ဆံထုံး ယောကျ်ားတို့ဘုန်း လက်ရုံး၊ မိန်းမတို့ကွန်ခြေ ရွှေပေးလို့မရဆိုသော ဆိုရိုးစကားပုံများရှိခဲ့သည်။ ယနေ့တိုင်လည်း အသုံးတွင်ကျယ်ဆဲပင်ဖြစ်သည်။ မြန်မာတိုင်း ရှေးခေတ်ကာလ မြန်မာတို့၏ ဝတ်စားဆင်ယင်မှုများကို ကိုယ်တိုင်မျက်မြင် မမြင်ဖူး မတွေ့ဖူးကြသည့်တိုင် ရုပ်ရှင်များ၊ စာအုပ်စာတမ်းများနှင့် မှတ်တမ်းမှတ်ရာများတွင် တွေ့ဖူးမြင်ဖူးကြမည်သာဖြစ်သည်။

မြန်မာလူမျိုး အများစုသည် ဗုဒ္ဓဘာသာဝင်များဖြစ်ကြသဖြင့် ဘာသာတရား၏ အဆုံးအမကိုခံယူ၍ ရှေးမြန်မာအမျိုးသမီးများသည် ဝတ်စားဆင်ယင်ရာ၌ မိမိ၏ ပင်ကိုအလှကိုလည်း ပေါ်လွင်စေရန်၊ မိမိအတွက်လည်း လုံခြုံမှုရှိစေရန် ရင်ဖုံးအင်္ကျီ၊ ရင်စေ့အင်္ကျီ၊ အောက်ခံရှင်မီးတို့ကို ဝတ်စားဆင်ယင်ခဲ့ကြသည်။ ဆံပင်ကိုလည်း ဆံရစ်ဝိုင်းများ၊ ဆံပင်အရှည်များထား၍ ဘီးဆံပတ်ထုံးခဲ့ကြသည်။ ထဘီဆိုလျှင်လည်း ခြေမျက်စိဖုံးအောင် ဝတ်စားဆင်ယင်ခဲ့ကြသည်မှာ အလွန်ကျက်သရေရှိလှပေသည်။ ကြည့်ရမြင်ရသူတို့ အေးမြစေခဲ့ရသလို မြန်မာ့ယဉ်ကျေးမှုကိုလည်း ထင်ဟပ်ပေါ်လွင်စေခဲ့သည်။

နှစ်ကာလကြာညောင်းလာကာ ခေတ်စနစ်များသည်လည်း လောက၏ သဘာဝအရ သံသရာစက်ဝန်း၌ လည်ပတ်ခဲ့သည်။ ကမ္ဘာကြီးသည် အဘက်ဘက်က ပြောင်းလဲတိုးတက်လာခဲ့ချေပြီ။ ခေတ်စနစ်ပြောင်းလဲလာမှုနှင့်အတူ ပြည်ပက ဝင်ရောက်လာသော ယဉ်ကျေးမှုများမှတစ်ဆင့် မြန်မာ့ယဉ်ကျေးမှုသည်လည်း အရောင်ပြောင်းလဲလာခဲ့ရသည်ကို ယနေ့မြင်တွေ့နေရသည်။ ခေတ်ပြောင်းစနစ်ပြောင်း၍ နိုင်ငံတကာနှင့်တန်းတူ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုများ ပြောင်းလဲတိုးတက်လာသည်ကို လက်ခံ၍ရသော်လည်း မြန်မာ့ယဉ်ကျေးမှုကြီး ခွက်ခွက်လန်အောင် ရေစီးထဲရေစုန်မျော၍ လိုက်ပါပြောင်းလဲလာရသည်ကိုတော့ အမျိုးကိုချစ်သော မြန်မာလူမျိုးတိုင်းက လက်ခံနိုင်မည်မဟုတ်ပေ။

ကမ္ဘာ၌ အမျိုးသမီးများ၏ အခန်းကဏ္ဍသည် ယောကျ်ားများနှင့်တန်းတူ ရင်ပေါင်တန်းလာနေသော ခေတ်ဖြစ်၍ ကျွန်တော်တို့အမျိုးသားများက မြန်မာအမျိုးသမီးများကို ကြိုဆိုကြရမည်ဖြစ်သည်။ မြန်မာအမျိုးသမီးများ၏ အခန်းကဏ္ဍသည် အရေးကြီးလာသည့် ယနေ့အချိန်အခါတွင် မြန်မာအမျိုးသမီးကြီးငယ်ပေါင်းစုံသည် မြန်မာ့ယဉ်ကျေးမှုကို ထိန်းသိမ်းရင်း မြန်မာ့ယဉ်ကျေးမှုကို နိုင်ငံတကာက စိတ်ဝင်စားမှုရှိလာအောင်နှင့် လေးစားမှုရှိလာအောင် လုပ်ဆောင်ပြကြရမည့် တာဝန်ရှိလာကြပြီဖြစ်သည်။

သို့သော်လည်း ယနေ့ မြန်မာအမျိုးသမီးအချို့၏ ဝတ်စားဆင်ယင်ပုံများသည် ဆန့်ကျင်ဘက် ယဉ်ကျေးမှုများအဖြစ် ရောထွေးနှောင့်ယှက်လာနေပြီဖြစ်သည်။ မြန်မာအမျိုးသမီးလေးများသည် အနောက်တိုင်း၊ အရှေ့တိုင်း ယဉ်ကျေးမှုများကို ရုပ်ရှင်နှင့် ဗီဒီယိုဇာတ်လမ်းများ၊ စာအုပ်စာစောင်များ၊ အင်တာနက်များမှတစ်ဆင့် ပုံတူယူကာ ဝတ်စားဆင်ယင်လာနေကြသည်မှာ သားနှင့်အမိ မကြည့်ဝံ့ဆိုသည့် အနေအထားသို့ ရောက်ရှိနေပြီဖြစ်သည်။ မြန်မာအမျိုးသမီးငယ်များသည် ၁၉၈၈ နောက်ပိုင်းတွင် ဂါဝန်ရှည်များဝတ်ကြသည်။ ဆံပင်အကြေကောက်များ ကောက်ကြသည်။ ထိုနောက်ပိုင်းတွင် ဂါဝန်အတို၊ စကတ်အတို၊ စကတ်အကွဲများ ဖြစ်ကုန်ကြပြန်သည်။ ထိုမှတစ်ဆင့် ဘောင်းဘီရှည်များ ဝတ်လာကြသည်။ ကြိုးတစ်ချောင်းတည်းပါသော အင်္ကျီများ ဝတ်လာသည်။ ဆံပင်များရှည်ရာက တိုလာကြပြန်သည်။ ဘောင်းဘီရှည်နေရာတွင် ဘောင်းဘီတိုများ၊ စကတ်တိုများ ဖြစ်လာသည်။ ဆံပင်များကို ဖြောင့်ကြသည်။ ၂၀၁၀ နောက်ပိုင်းတွင် ဆံပင်များကို အဖျားကောက်ကြဖြောင့်ကြသည်။ ဘောင်းဘီနှင့် စကတ်များသည် တိုသထက်တိုလာ၍ အရှက်ကို ဖုံးသလောက်သာ ဖုံး၍ ဝတ်သည့်အဆင့်သို့ရောက်လာသည်။ အင်္ကျီဆိုလျှင်လည်း ရင်ဘတ်တွင် ရင်သားဖုံးသည့်အဆင့်သာ ရှိတော့သည်။ ရှေ့ပြောင်၊ နောက်ပြောင်၊ အမျိုးသမီးများ ရေချိုးပြီး ရင်ရှားဝတ်သည့်ပုံစံများဖြစ်လာသည်။ ထိုဖက်ရှင်များကို အနုပညာရှင်များထံမှလည်း အတုယူကြသည်။ အဆိုပါဝတ်စားဆင်ယင်မှုများကို ဧည့်ခံပွဲ၊ မင်္ဂလာပွဲ၊ မွေးနေ့ပါတီပွဲများတွင်သာ ဝတ်ဆင်ရုံတင်မဟုတ်ဘဲ လမ်းပေါ်သို့ပါသွားရင်းလာရင်း အတင့်ရဲစွာ ဝတ်စားဆင်ယင်သွားလာနေကြသည်မှာ လွန်စွာအရုပ်ဆိုးအကျည်းတန်လှသည်။ ထို့အပြင် ဘောင်းဘီအတို၊ အရှည်ဝတ်လျှင်လည်း ခါးတိုဘောင်းဘီများနှင့် တိုသောအင်္ကျီများကို ဝတ်ဆင်ကြကာ အတွင်းခံအောက်ခံ ဘောင်းဘီအနားစကို မပေါ်ပေါ်အောင်ဖော်၍ ဝတ်ကြသည်။ ထို့အပြင် အင်္ကျီဝတ်ရာ၌လည်း ဘရာစီယာကြိုးကို အလှပြသည့်သဘောမျိုးဖြင့် ပလတ်စတစ်ကြိုးများ၊ ကျောက်စီကြိုးများဖြင့် ကျောပြောင်၊ ရှေ့ပြောင်အင်္ကျီများနှင့်တွဲဖက်၍ ဝတ်ဆင်နေကြသည်မှာ ယိုသူမရှက်၊ မြင်သူရှက်ရသည့်အခြေအနေဖြစ်နေသည်။

ခေတ်မီသည်၊ ခေတ်ဆန်သည်ကို လူကြီးများက ခေတ်စနစ်အရ နားလည်ခွင့်လွှတ်ပေးသော်လည်း မြန်မာ့ရိုးရာယဉ်ကျေးမှုကို ဖီလာဆန့်ကျင်စေသော ဟီရိဩတ္တပ္ပတရားကင်းမဲ့စွာ၊ အတင့်ရဲစွာ ဝတ်စားဆင်ယင်လာမှုကိုတော့ ထိန်းသိမ်းသင့်ပေသည်။ ဝိုင်းဝန်းရှုတ်ချသင့်ပေသည်။ မိဘမောင်ဖွားများကလည်း တားမြစ်ထိန်းကျောင်းပေးသင့်သည်။ အချို့သော မိဘများဆိုလျှင် မတားမြစ်သည့်အပြင် အားပေးအားမြှောက်ပြုနေသူများပင် ရှိနေသည်။

ယနေ့လူငယ် မိဘအချို့သည် သူတို့၏ မူကြိုနှင့် မူလတန်းအရွယ် သမီးငယ်လေးများကို အခမ်းအနားပွဲများ၊ ပွဲလမ်းသဘင်များတွင် မြန်မာ့ရိုးရာယဉ်ကျေးမှုပုံစံ အဝတ်အစားများကို ဝတ်ဆင်မပေးဘဲ ကြိုးမပါ၊ ကြိုးတစ်ချောင်း၊ ကျောပြောင်၊ ရှေ့ပြောင်အင်္ကျီများ၊ တိုပွေ့ဆိုသည့် စကတ်အကွဲများ၊ ဘောင်းဘီအတိုများကို အားပေးအားမြှောက်ပြု၍ အလှဆင်ဝတ်ဆင်ပေးနေသည်မှာ အဆိပ်ပင်ရေလောင်းနေသကဲ့သို့ဟု မြင်ယောင်မိသည်။ မိန်းကလေးငယ်များသည် အရွယ်မရောက်မီနှင့် အရွယ်ရောက်ပြီးချိန်များတွင် ၎င်းတို့၏နောက်ကွယ်၌ ပျက်စီးရာပျက်စီးနိုင်ကြောင်း အန္တရာယ်ပေါင်းစုံသည် မိမိအနား၌ ရှိနေသည်ကို မိဘများက နားလည်သင့်ပေသည်။ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် လူမျိုးမပျောက်စေဖို့ မိဘများနှင့် အမျိုးသားကောင်း သမီးကောင်းများက ထိန်းသိမ်းသင့်ပေသည်။ စောင့်ရှောက်သင့်ပေသည်ဟု ထင်မြင်မိသည်။

ရှေးစကားတစ်ခုအရ မ ဖျက်လျှင် ပြည်ပျက်တတ်သည်အထိဆိုခဲ့ရှိခဲ့ဖူးသော စကားကို ယနေ့မြန်မာလူမျိုးတိုင်း နာခံမှတ်ယူ၍ မြန်မာ့ယဉ်ကျေးမှုဂုဏ်ကို ကိုယ်ခံအားကောင်းစွာဖြင့် လူမျိုးမပျောက်ပျက်၊ ပြည်မပျက်အောင် အမျိုးကောင်းသားသမီးများက တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အချိန်မီ ပြန်လည်ထိန်းသိမ်းပေးကြစေလိုပါကြောင်း။

# ငြိမ်းချမ်းရေးအပြုံးပန်း ဝေဆာနိုင်ခဲ့ပြီ

သတင်းဆောင်းပါး - ကိုလွင်(ဆွာ)

ကရင်ပြည်နယ် သံတောင်မြို့သည် တောင်ငူမြို့၏ အရှေ့ဘက် ၁၃ မိုင်ခန့်အကွာ ပင်လယ်ရေမျက်နှာပြင် အထက်ပေ ၄၉၀ အမြင့်၌ တည်ရှိသည်။ စိမ်းလန်းစိုပြည်သော သစ်တောကြိုးဝိုင်း တောင်တန်းကြီးများ၊ စိမ့်စမ်းရေတံခွန်များ၊ သဘာဝကျောက်တုံးကြီးများက ဝန်းရံထားပြီး ပသိချောင်းငယ်က ကွေ့ဝိုက်စီးဆင်းလျက်ရှိ၍ ဒေသတွင်း ခရီးသွားများမှာ အခါကြီးနေ့ရက်များတွင် လာရောက်လည်ပတ်သူများဖြင့် အလွန်ပင် စည်ကားလှသည်။

ကျောက်တုံးကြီးငယ်များအကြားမှ ကွေ့ ဝိုက်စီးဆင်းလျက်ရှိသည့် ပသိချောင်း၏ တစ်ဖက်တစ်ချက်တွင် အပန်းဖြေအနားယူလိုသူတို့အတွက် ရွှေသံတောင် အပန်းဖြေစခန်းကို တည်ဆောက်ထားပြီး နေ့စဉ်နှင့်အမျှ အပန်းဖြေလာရောက်လည်ပတ်သူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရသည်။ ယခုအခါ ငြိမ်းချမ်းရေး အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီးနောက် ဒေသတွင်း ခရီးလမ်းပန်းဆက်သွယ်မှုတို့တွင် တစ်လမ်းမောင်းစနစ်မှ နှစ်လမ်းမောင်းစနစ်သို့ အဆင့်မြှင့်ဆောက်လုပ်ပြုပြင်ထားသည့်အတွက် နေ့စဉ် ခရီးသွားလာကြသူများ သက်သောင့်သက်သာ သွားလာနိုင်ကြပြီဖြစ်သည်။

ဇန်နဝါရီ ၃၁ ရက် နံနက်ပိုင်း ၉ နာရီခန့်က တောင်ငူမြို့မှ တစ်ဆင့် သံတောင်မြို့သို့ ခရီးသွားလာခဲ့ရာမှာ ယခင်ကနှင့်မတူ အစစအရာရာ ပြောင်းလဲတိုးတက်လျက် ရှိသည်ကို တွေ့ခဲ့ရသည်။ နွေးထွေးသော နေရောင်ကြောင့် မြူနှင်းများ ကင်းစပြုသော်လည်း





အအေးဓာတ်မှာ လွှမ်းခြုံလျက်ပင် ရှိသေးသည်။

သန့်ရှင်းလတ်ဆတ်သော လေ၊ စိမ်းလန်းစိုပြည်သော တောတောင်ရှုခင်း၊ လှပသည့် ရှုမျှော်ခင်းများကို ရောက်ဖူးကြသူတိုင်း ခံစားနိုင်ကြပါသည်။ ခရီးသွားလမ်းတစ်လျှောက် သစ်တောဦးစီးဌာနမှ ပြုစုထိန်းသိမ်းစောင့်ရှောက်ထားသော ကျွန်းစိုက်ခင်းများ၊ ဒေသခံများ၏ ကွမ်းစိုက်ခြံများနှင့် အခြားသော စိုက်ပျိုးသီးနှံများစွာကို မြင်တွေ့နိုင်မည်ဖြစ်သည်။

ကွေ့ဝိုက်တက်ဆင်းသည့် ကားလမ်းအတိုင်း မိနစ် ၄၀ ခန့် အကြာတွင် သံတောင်မြို့သို့ ရောက်ရှိခဲ့ကြသည်။ သံတောင်မြို့၏ တစ်နေ့တာ လုပ်ငန်းများ နိုးထချိန်ဖြစ်၍ ကုန်ရောင်းကုန်ဝယ် ဈေးသည်များနှင့် စည်ကားလျက်ရှိသည်။ မြန်မာနိုင်ငံတွင် ခရီးသွားလာသည့် လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာသည်နှင့် အမျှ ခရီးသွားများ စိတ်ဝင်စားသည့် နေရာများစွာ လိုအပ်လျက်ရှိရာ သံတောင်မြို့သည် ခရီးသွားများအတွက် ဆွဲဆောင်မှုအားကောင်းလှသည်။ ရွှေသံတောင်အပန်းဖြေစခန်းကို ရောက်ရှိစဉ် ဒေသခံ ကရင်အမျိုးသမီးကြီးက "ဒီဒေသမှာ ငြိမ်းချမ်းရေးမရခင်တုန်းက ဆိုရင် လာလည်ချင်တဲ့သူတွေတောင် မလာရဲကြဘူး။ မြို့ဆိုလည်း ခြောက်ကပ်နေတာပဲ၊ ခုငြိမ်းချမ်းရေးရပြီဆိုတော့ အမိုးတို့အပါအဝင် အားလုံးပျော်ရွှင်နေကြတယ်။ ဒီမြို့ကို အခုတလော လာလည်ကြတာတွေများမှ များပဲ"ဟု ၎င်း၏ ရင်တွင်းမှ စကားကို ပြောပြသည်။ မြို့ပြ၏ ရုပ်ပိုင်းအသွင်သဏ္ဌာန်များ တစ်နေ့ထက်တစ်နေ့ ပိုမိုတိုးတက်လာခဲ့သည်။ မကြာတော့သော အချိန်ကာလတစ်ခုတွင် ဖွံ့ဖြိုးတိုးတက်မှုများကို မြင်တွေ့ရတော့မည်ဟု ဒေသခံအားလုံးက ခံယူထားကြသည့်အတွက် သံတောင်မြို့မှ အပြန်ခရီးမှ အပြုံးပန်းဖြင့် ဝေဆာနိုင်ခဲ့ပြီဖြစ်သည်။ ။

# မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲမှုများ အခွင့်အလမ်းသစ်များ ပွံ့ပိုးနိုင်မည်ဟု ယုံကြည်

ရန်ကုန် ဖေဖော်ဝါရီ ၃

မြန်မာနိုင်ငံဆိုင်ရာတရုတ်သံအမတ်ကြီး လီကျွင်းဟွာသည် ရန်ကုန်မြို့ရှိ ပြည်တွင်းသတင်းဌာနများနှင့် ပြည်တွင်းဂျာနယ်များမှ အယ်ဒီတာများ၊ သတင်းထောက်များအား ရန်ကုန်မြို့ ပြည်လမ်းရှိ သံအမတ်ကြီးနေအိမ်၌ ဇန်နဝါရီ ၃၁ ရက် ညနေ ၆ နာရီတွင် တွေ့ဆုံသည်။

သံအမတ်ကြီးကနှုတ်ခွန်းဆက်စကားပြောကြားရာတွင် "ယခုနှစ်သည် နဂါးနှစ်တည်းဟူသော နိမိတ်ကောင်းကိုဆောင်သည့် မင်္ဂလာအချိန်အခါဖြစ်လေရာ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးကိုယ်စား မြန်မာနိုင်ငံသူ နိုင်ငံသားအားလုံးအား နှုတ်ခွန်းဆက်လျက် ဆုမွန်ကောင်းများ တောင်းပါကြောင်း၊ ယနေ့အချိန်ကာလသည် မြန်မာနိုင်ငံအစိုးရနှင့် ပြည်သူများအနေဖြင့် ဒီမိုကရေစီနိုင်ငံတော်သစ်ကို တည်ဆောက်နေသည့် အချိန်ဖြစ်ပြီး နိုင်ငံတော်ကို ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်လျက်ရှိကြောင်း၊ ဆင်းရဲနွမ်းပါးမှုလျှော့ပါးရေး၊ ပြည်သူ့ဘဝတိုးတက်ကောင်းမွန်ရေးတို့ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်ပနိုင်ငံများနှင့် ဆက်ဆံရေးကိုလည်း တိုးချဲ့ဆောင်ရွက်လျက်ရှိရာ တရုတ်နိုင်ငံအစိုးရနှင့် ပြည်သူများက ဝမ်းသာပီတိဖြစ်ရပြီး မြန်မာနိုင်ငံ ဒီမိုကရေစီအကောင်အထည်ဖော်ရေး၊ စီးပွားရေးဖွံ့ဖြိုးရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် ဆောင်ရွက်မှုများအပေါ် တရုတ်ပြည်သူများက ပြတ်ပြတ်သားသား အားပေးထောက်ခံပါကြောင်း၊ မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲမှုများသည် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးသည့် ပူးပေါင်းဆောင်ရွက်မှုနက်ရှိုင်းရေးအတွက် အခွင့်အလမ်းသစ်များ ပွံ့ပိုးပေးနိုင်မည်ဟု ယုံကြည်ပါကြောင်း၊ နှစ်သစ်အခါသမယတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် မြန်မာနိုင်ငံနှင့်အတူ အပြန်အလှန်လေးစား၊ တန်းတူညီမျှ အပြန်အလှန်အကျိုးပြုသည့် အခြေခံပေါ်တွင် နှစ်နိုင်ငံဘက်ပေါင်းစုံကူးလူးဆက်ဆံမှုကို ဆက်လက်အားဖြည့်ရန်၊ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးသည့် အခြေခံကို တစ်ဆင့်တက်ခိုင်မာရန်၊ မိတ်ဖက်နိုင်ငံများ ဆက်ဆံရေး အဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးကို တွန်းအားပေးရန် ဆန္ဒရှိပါကြောင်း၊ တရုတ်-မြန်မာနှစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ပါစေကြောင်း၊ နှစ်နိုင်ငံချစ်ကြည်ရေး တည်တံ့ခိုင်မြဲပါစေကြောင်း၊ မြန်မာပြည်သူပြည်သားအပေါင်း နှစ်သစ်အခါသမယတွင် ပျော်ရွှင်ချမ်းမြေ့ပြီး လိုရာဆန္ဒပြည့်ဝပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါကြောင်း" ပြောဆိုသွားသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်တွင်းသတင်းဌာနများနှင့် ပြည်တွင်းဂျာနယ်များမှ အယ်ဒီတာများနှင့် သတင်းထောက်များတက်ရောက်ခဲ့ကြသည်။

(ဇော်ထွန်း-သတင်းစဉ်)

ပဲခူးတိုင်းဒေသကြီး ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးဝေဇင်ထွန်း၊ ညောင်လေးပင်မြို့နယ် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသီဟစိုးနှင့် မြို့နယ်စိုက်ပျိုးရေးလုပ်ငန်းညှိနှိုင်းမှုအဖွဲ့ဝင်များနှင့်အတူ ဇန်နဝါရီ ၂၃ ရက်က ညောင်လေးပင်မြို့နယ် ပြွန်တန်ဆာမြို့ မြို့မ(၁)ရပ်ကွက်အတွင်းရှိ ပုလဲသွယ်မျိုးစပါး ၁၀ ဧက GAP နည်းဖြင့် ပျိုးထောင်ထားရှိမှုကို ကွင်းဆင်း ကြည့်ရှုစဉ်။ (မြို့နယ်ပြန်/ဆက်)



# နိုင်ငံတကာအဆင့်မီ စက်သုံးဆီအရောင်းဆိုင်သစ် ဖွင့်လှစ်
# စာအုပ်မလို နှုန်းရှင်ဖြင့် လွတ်လပ်စွာလိုသလောက်ရောင်းချ

မန္တလေး ဖေဖော်ဝါရီ ၃

စက်သုံးဆီများကို ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ ကမ္ဘာ့စက်သုံးဆီပေါက်ဈေးနှုန်း အတက်/အကျပေါ်မူတည်၍ ဈေးနှုန်းအရှင်ဖြင့် လွတ်လပ်စွာ လိုသလောက်ဝယ်ယူသုံးစွဲနိုင်ရန် စွမ်းအင်ဝန်ကြီးဌာနက ပုဂ္ဂလိကစက်သုံးဆီအရောင်းဆိုင်အသစ်များအား နိုင်ငံတစ်ဝန်းတွင် ဖွင့်လှစ်ရောင်းချခွင့်ပြုခဲ့သည်။

မန္တလေးတိုင်းဒေသကြီး ခရိုင်မြို့ကြီးများနှင့် မန္တလေးမြို့တို့တွင်လည်း ပုဂ္ဂလိကစက်သုံးဆီအရောင်းဆိုင်သစ်များ ဖွင့်လှစ်ခွင့်ပြုခဲ့ရာ ဇန်နဝါရီ ၂၇ ရက်က မဟာအောင်မြေမြို့နယ် (၃၅) လမ်း၊(၅၂) လမ်းနှင့်(၅၃)လမ်းကြားတွင် နိုင်ငံတကာအဆင့်မီ DENKO 35 စက်သုံးဆီအရောင်းဆိုင်**(ယာပုံ)**အား မန္တလေးတိုင်း ဒေသကြီးအစိုးရအဖွဲ့၊ လျှပ်စစ်နှင့်စက်မှုဝန်ကြီး ဒေါက်တာမြင့်ကြူနှင့် ခရိုင်အုပ်ချုပ်ရေးမှူးတို့ တက်ရောက်အားပေးပြီး ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

အဆိုပါ စက်သုံးဆီဆိုင်မှ အဆင့်မြင့် ဒီဇယ်ဆီ၊ စင်ကာပူအောက်တိန်း၊ တရုတ်နှင့် ထိုင်းနိုင်ငံမှ တင်သွင်းသော ဓာတ်ဆီ၊ MS (Lacal)ဓာတ်ဆီများကို အဆင့်မြင့်ပန့်များဖြင့်အနည်းဆုံး ၅၀၀



ကျပ်ဖိုးမှ စတင်ကာ စာအုပ်မလို၊ တန်းစီစောင့်ဆိုင်းစရာမလိုရောင်းချပေးလျက်ရှိသည်။ စက်သုံးဆီ ဖြန့်ဖြူးရောင်းချရေးအသင်းလည်း လိုအပ်သည့်နေရာများ၌ အရန်ဆီများ ထပ်မံဖြည့်တင်းရောင်းချပေးနေသဖြင့် မန္တလေးမြို့၌ ပြည်တွင်း ထုတ်ဓာတ်ဆီပြင်ပပေါက်ဈေး ကျဆင်းလာကြောင်းသိရသည်။ သီဟကိုကို (မန္တလေး)

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရအဖွဲ့သစ်လက်ထက် (၁၁)စင်းမြောက်ဖွင့်လှစ်မည့် ရေဝတီတံတား(စင်းခန်း)







* ရေဝတီတံတား(စင်းခန်း)သည် ကချင်ပြည်နယ် ဗန်းမော်မြို့နယ် စင်းခန်းကျေးရွာအနီး ကသာ-ဗန်းမော်မီးရထားလမ်းတွင် တည်ရှိပြီး ၂၀၀၉ ခုနှစ် မေ ၇ ရက်တွင် စတင်တည်ဆောက်၍ ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီလတွင် ဖွင့်လှစ်နိုင်ရန် စီစဉ်ဆောင်ရွက်ပြီးဖြစ်သည်။
* ရေဝတီတံတား(စင်းခန်း)၏အပေါ်ထည်မှာ သံမဏိသံပေါင်+ကြိုတင်အားဖြည့် ကွန်ကရစ်+သံကူကွန်ကရစ်ဖြစ်ပြီး အောက်ထည်ကို သံကူကွန်ကရစ်အမျိုးအစားနှင့် အုတ်မြစ်ကို သံကူကွန်ကရစ်လွန်တူးပိုင်ဖြင့် တည်ဆောက်သွားမည်ဖြစ်သည်။ အဆိုပါတံတားကြီး တည်ဆောက်ရေးအတွက် လိုအပ်မည့် သံမဏိသံပေါင်များကို မြန်မာစီးပွားရေးကော်ပိုရေးရှင်း မြောင်းတကာသံမဏိစက်ရုံမှ ထုတ်လုပ်ပေးခဲ့သည်။
* စုစုပေါင်းကားတံတားအရှည်ပေ ၄၆၃၀ နှင့် စုစုပေါင်း မီးရထားတံတားအရှည် ၅၅၁၀ ပေရှိပြီး ယာဉ်သွားလမ်းအကျယ် ၂၈ ပေနှင့် လူသွားလမ်းအကျယ် တစ်ဖက်လျှင် ၃ ပေစီပါရှိသည်။ ရထားလမ်းအကျယ် ၁၄ ပေ၊ တံတားအောက်ရေလမ်းကင်းလွတ်နယ် အကျယ်ပေ ၃၂၀ နှင့် အမြင့် ၄၇ ပေရှိသည်။ ယာဉ်တစ်စီးချင်းခွင့်ပြုအလေးချိန်မှာ တန် ၆၀ ဖြစ်သည်။
* တံတားကြီးတွင် ကားလမ်းနှင့် ရထားလမ်းပါ ပါရှိသဖြင့် ခရီးတို၊ ခရီးရှည်သွားလာရေးအတွက် လွယ်ကူလာမည်။ ကချင်ပြည်နယ်အတွင်းရှိ မြို့ရွာများနှင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့ရွာများသို့ အလွယ်တကူ ဆက်သွယ်နိုင်မည့်အပြင် အခြားရထားလမ်းကွန်ရက်များနှင့်ပါ ချိတ်ဆက်ကာ မြန်မာနိုင်ငံ တောင်ပေါ်မြေပြန့်အားလုံးသို့ ခရီးပေါက်သဖြင့် တိုင်းရင်းသားအချင်းချင်း ချစ်ကြည်ရင်းနှီးမှု၊ လူမှုစီးပွားမြင့်မားမှုတို့ တိုးပွားလာမည်ဖြစ်သည်။

သတင်းမှတ်စု - မောင်ငြိမ်းအေး





# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ရေတပ်ဦးစီးချုပ်အား လက်ခံတွေ့ဆုံ



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး မင်းအောင်လှိုင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ရေတပ်ဦးစီးချုပ် Vice Admiral Zahir Uddin Ahmed (ND), ndc, psc အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

နေပြည်တော် ဖေဖော်ဝါရီ ၃

**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်သည် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ရေတပ်ဦးစီးချုပ် Vice Admiral Zahir Uddin Ahmed (ND), ndc, psc အား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်၌ လက်ခံတွေ့ဆုံသည်။**

ထိုသို့ တွေ့ဆုံရာတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က မိမိတို့နှစ်နိုင်ငံသည် အိမ်နီးချင်းကောင်းနိုင်ငံများဖြစ်ပြီး နှစ်နိုင်ငံဆက်ဆံရေးမှာလည်း ကောင်းမွန်ပါကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် ဒီမိုကရေစီနိုင်ငံတော်အသစ်အဖြစ် ပြောင်းလဲချိန်မှစ၍ အပြန်အလှန် သွားရောက်ခဲ့ကြသည့် ချစ်ကြည်ရေးခရီးစဉ်များသည် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုကို ဖော်ညွှန်းသကဲ့သို့ ပိုမိုခိုင်မာသော ချစ်ကြည်ရင်းနှီးမှုကိုလည်း ဖြစ်ထွန်းစေခဲ့ပါကြောင်း၊ မိမိတို့အနေဖြင့် အိမ်နီးချင်းနိုင်ငံများ၊ ကမ္ဘာ့နိုင်ငံအသီးသီးတို့နှင့် ချစ်ကြည်ရင်းနှီးမှုများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ မိမိတို့နိုင်ငံသည် ဖွဲ့စည်းပုံအခြေခံဥပဒေ နိုင်ငံတော်အခြေခံမူတွင်ပါရှိသည့်အတိုင်း စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီလမ်းစဉ်ကို အဆင့်ဆင့် ကျင့်သုံးဖော်ဆောင်လျက်ရှိပါကြောင်း၊ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရက ကြိုးပမ်းဆောင်ရွက်လျက်ရှိသကဲ့သို့ တပ်မတော်အနေဖြင့်လည်း ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံအား ကမ္ဘာ့ကုလသမဂ္ဂ ငြိမ်းချမ်းရေးတည်ဆောက်မှုကော်မရှင် ဥက္ကဋ္ဌအဖြစ် ရွေးချယ်ခံရမှုအပေါ် ဝမ်းမြောက်ဂုဏ်ယူပါကြောင်း၊ နှစ်နိုင်ငံ တပ်မတော်များအကြား ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်းဖြင့် ဆွေးနွေး ပြောကြားသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံ ရေတပ်ဦးစီးချုပ်က ပြောကြားရာတွင် မြန်မာ့တပ်မတော်က နွေးထွေးလှိုက်လှဲစွာ ကြိုဆိုဧည့်ခံမှုများအတွက် ကျေးဇူးတင်ရှိပါကြောင်း၊ မြန်မာနိုင်ငံသူ နိုင်ငံသားများ၏ နွေးထွေးပျူငှာ ဖော်ရွေမှုများကို တွေ့မြင်ခဲ့ရသကဲ့သို့ မြန်မာနိုင်ငံနှင့် နေပြည်တော်၏ ဖွံ့ဖြိုးတိုးတက်မှုများကိုလည်း မျက်မြင်ကိုယ်တွေ့ တွေ့မြင်ခဲ့ရ၍ ချီးကျူးပါကြောင်း၊ နောင်ကာလများ၌ နှစ်နိုင်ငံ ရေတပ်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို ယခုထက်ပိုမို၍ တိုးမြှင့်ဆောင်ရွက်သွားလိုပါကြောင်း၊ ထိုသို့ ပူးပေါင်းဆောင်ရွက်မှုများသည် တစ်ဖက်နှင့်တစ်ဖက် ရေကြောင်းဆိုင်ရာ ကိစ္စရပ်များကို အပြန်အလှန်သိရှိနားလည်ခွင့် ရရှိမည်ဖြစ်ပါကြောင်း၊ ခရီးစဉ်အတွင်း သက်ဆိုင်ရာ ဌာနတာဝန်ရှိသူများနှင့် တွေ့ဆုံခဲ့ရာတွင် နှစ်နိုင်ငံ ရေတပ်များအကြား ညှိနှိုင်းဆောင်ရွက်ရန်နှင့် ပူးပေါင်းဆောင်ရွက်ရန် ကိစ္စရပ်များကို ထည့်သွင်းဆွေးနွေးခဲ့ပါကြောင်း၊ ယခုအချိန်တွင် ဘင်္ဂလားဒေ့ရှ်တပ်မတော်နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ အကြီးအကဲများသည် နှစ်နိုင်ငံဆက်ဆံရေး တိုးမြှင့်ဆောင်ရွက်မှုများကို လုပ်ဆောင်လျက်ရှိသဖြင့် နှစ်နိုင်ငံဆက်ဆံရေးသည် ပိုမိုတိုးတက်ကောင်းမွန်လာမည်ဟု မိမိအနေဖြင့် ယုံကြည်ပါကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

တွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ဒုတိယဗိုလ်ချုပ်ကြီး လှဌေးဝင်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး ညဏ်ထွန်း၊ ကာကွယ်ရေး ဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီး မြတ်ဟိန်းနှင့် တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံ ရေတပ်ဦးစီးချုပ်နှင့်အတူ Commodore Commanding Chittagong ဖြစ်သူ Commodore Nizamuddin Ahmed, (TAS), ndc, psc၊ မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ စစ်သံမှူးနှင့် တာဝန်ရှိသူတို့ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

---

**○ မော်ရင်ဟိုမှ**

နည်းပြများ ကိုင်တွယ်ခဲ့ကြသော်လည်း အသင်းပိုင်ရှင်နှင့် ရေရှည်လက်တွဲနိုင်ခဲ့ခြင်း မရှိခဲ့ကြပေ။ ယခု ချယ်လ်ဆီးနည်းပြအဖြစ် တာဝန်ယူနေသည့် အန်ဒရီဗီလာဘိုအာ့စ်သည်လည်း ချယ်လ်ဆီးအသင်းအား အေဘရာမိုဗစ်ချ်လိုချင်သည့် အနေအထားရောက်အောင် မစွမ်းဆောင်နိုင်သေးသဖြင့် နောက်နှစ်ဘောလုံးရာသီအတွက် ချယ်လ်ဆီးနှင့် ၎င်း၏အနာဂတ်မှာ လက်ကျန်ပွဲစဉ်များတွင် တည်မှီနေသည်။

ထို့ပြင် ချယ်လ်ဆီးအသင်းပိုင်ရှင် အေဘရာမိုဗစ်ချ်သည် ၎င်း၏အကြိုက်ကို လိုက်ပါဆောင်ရွက်ပေးနိုင်သူကိုသာ လက်တွဲလိုပြီး ၎င်းနှင့်အဆင်မပြေဖြစ်ခဲ့ပါက အသင်းမှထုတ်ပယ်ရန် ဝန်လေးနေမည့်သူမဟုတ်ပေ။ ထို့ကြောင့် မော်ရင်ဟို၏နောက်တွင် ချယ်လ်ဆီးမှ ထုတ်ပယ်ခံခဲ့ရသည့် နည်းပြများမှာ ယင်းကဲ့သို့ များပြားနေခြင်းဖြစ်သည်။

သို့သော်လည်း မိုဗစ်ချ်သည် မော်ရင်ဟို၏ စွမ်းဆောင်ရည်ကို အသိအမှတ်ပြုသည့်အနေဖြင့် ဆက်ဆံရေးကို တစ်ထစ်လျှော့ချလိုက်ပြီဖြစ်သည်။ ချယ်လ်ဆီးအသင်းအား မော်ရင်ဟိုကိုင်တွယ်စဉ်က ပရီမီယာလိဂ်ဖလား၊ အက်ဖ်အေဖလား၊ ကားလင်းဖလားနှင့် ကွန်မြူနတီဒိုင်းတို့ကို တစ်နှစ်အတွင်း ရယူနိုင်ခဲ့သည့်အတွက် မိုဗစ်ချ်က ၎င်း၏စွမ်းဆောင်ရည်နှင့် ပတ်သက်၍ သံသယမြူမှုန်တစ်စပင်မရှိခဲ့သဖြင့် ယခုကဲ့သို့ တစ်ထစ်လျှော့ချလိုက်ခြင်းဖြစ်သည်။ မော်ရင်ဟိုကိုယ်တိုင်ကလည်း ပရီမီယာလိဂ်တွင် ရှိနေစဉ်က ချန်ပီယံလိဂ်ဖလား မရယူနိုင်ခဲ့ခြင်းကို အခဲမကျေဖြစ်နေသည့်အတွက် ပရီမီယာလိဂ်သို့တစ်ကျော့ပြန်လာရန် စိတ်ဝင်စားနေသည်။ ထို့ကြောင့် လာမည့်နှစ် ဘောလုံးရာသီတွင် ချယ်လ်ဆီး၌ မော်ရင်ဟိုကို မြင်တွေ့ရမည်လားဆိုသည်မှာတော့ မှန်းဆရန်ခက်ခဲနေသေးသည်။ **အင်တာနက်။**

**ဟိန်းထက်လင်း**

---

## မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

**၄-၂-၂၀၁၂ (စနေနေ့)**

**နံနက်ပိုင်း**

၇း၀၀ ၁။ ပရိတ်တရားတော်
၇း၅၅ ၂။ "သုတရောင်စုံပန်းခင်း"
၈း၀၀ ၃။ ကဗျာပန်းဥယျာဉ်
၈း၁၀ ၄။ (၆၅)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်

**နေ့လယ်ပိုင်း**

၁၁း၁၀ ၁။ (၆၅)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
၁၁း၂၅ ၂။ ချစ်စရာ့အရွယ်ကစားကြမယ်
၁၁း၅၀ ၃။ တစ်ပတ်အတွင်း ရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
၁း၅၀ ၄။ "နှုတ်မြိန်ဖွယ်ရာချစ်ဟင်းလျာ"
၂း၀၀ ၅။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ရဲစုံထောက်ဘတ်ကျောင်ဂွန်း" (အပိုင်း-၄၆)**
၂း၃၀ ၆။ "အဲဒီမှာစတွေ့တာပဲ"

**ညပိုင်း**

၄း၄၀ ၁။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ - စတုတ္ထနှစ် (ဥပဒေပညာအထူးပြု) (ဥပဒေပညာ)
၅း၄၀ ၂။ သံခေတ်ယဉ်ကျေးမှုဆိုင်ရာ အထောက်အထား ကြို့ကုန်းကျေးရွာမှ ကျောက်ဖြစ်ရုပ်ကြွင်းများ
၆း၁၅ ၃။ မိုးလေဝသအခြေအနေ
၆း၂၀ ၄။ "အနုပညာမိုးကောင်းကင်မှ ယဉ်ကျေးမှုငွေကြယ်ပွင့်များ" (ဂီတစာဆိုအကယ်ဒမီခီရာမိုရ်) (အပိုင်း-၁)
၆း၄၅ ၅။ **နိုင်ငံခြားဇာတ်လမ်းတွဲ "အချစ်ချို့ချို့ကြင်နာပို" (အပိုင်း-၁၀)**
၇း၄၀ ၆။ ဧရာဝတီအတွက် နောက်ထပ်တံတားတစ်စင်း (အပိုင်း-၁)
၈း၀၀ ၇။ ပြည်တွင်းသတင်း
၈။ နိုင်ငံတကာသတင်းများ
၉။ မိုးလေဝသအခြေအနေ
၁၀။ **ကာတွန်းအစီအစဉ် "တောကောင်ငယ် သိုင်းညီနောင်လေးများ" (ဒုတိယတွဲ) (အပိုင်း-၈၈)**
၁၁။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ကြယ်ပွင့်လေးရဲ့ဒဏ္ဍာရီ" (အပိုင်း-၁၁)**
၁၂။ ဂီတတံခါးလေးဖွင့်ပြီး

---

# ပဲခူး - သနပ်ပင် - ခရမ်း - သုံးခွ - သန်လျင် ကားလမ်း မက်စ်မြန်မာ ဟိုင်းဝေးပရော့ဂျက်မှ BOT ယူ၍ ဆောင်ရွက်နေ

**သတင်းဆောင်းပါး**
**ခရမ်းစိုးမြင့်**
**ဓာတ်ပုံ - ကျော်မိုးလွင်**

ကျွန်တော့်ဇာတိမြေကို ပဲခူးက သွားလျှင် ပဲခူး-သနပ်ပင်နှင့် သက္ကလမြို့ အနီးတွင်ရှိပြီး ရန်ကုန်က သွားလျှင် သန်လျင်-သုံးခွအလွန်တွင် ရှိသည့် ခရမ်းမြို့ဖြစ်သည်။ ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ ပါဝင်သော်လည်း အရှေ့ဘက်အစွန်ဆုံး ပဲခူးတိုင်းဒေသကြီးနှင့် ထိစပ်နေ၍ မြို့ရန်ကုန်နှင့် မိုင်ပေါင်းလေးဆယ်ခန့်ဝေးသည့် မြို့တစ်မြို့ဖြစ်သည်။

ခရမ်းမြို့သည် ရန်ကုန်နှင့်ပဲခူးတို့ကို အဓိကဆက်သွယ်သွားလာနေရသော်လည်း ကားလမ်းမှလွဲ၍ အခြား ဘာလမ်းမျှမရှိ။ ကျွန်တော်တို့ငယ်ငယ် လွန်ခဲ့သောနှစ် (၆၀)ခန့် ခရမ်းချောင်းကောင်းစဉ်က ရန်ကုန်နှင့် ပဲခူးကို သင်္ဘောများနှင့် သွား၍ရခဲ့သော်လည်း ခရမ်းချောင်းကြီး ကောသွားပြီးကတည်းက ရေကြောင်းလမ်းဆိုတာ မရှိတော့သည်မှာ နှစ် (၅၀) ခန့်ရှိပြီဖြစ်သည်။

ထိုသို့ ကားလမ်းတစ်လမ်းတည်းသာ ရှိသော်လည်း ရှိသည့်ကားလမ်းက ပျက်လိုက်ပြင်လိုက်၊ ပြင်လိုက် ပျက်လိုက်ဖြစ်ခဲ့သည်မှာ ယနေ့တိုင်ဖြစ်သည်။ ယခုအခါ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်းက ပုဂ္ဂလိကလုပ်ငန်းရှင်တစ်ခုဖြစ်သော မက်စ်မြန်မာ ဟိုင်းဝေးပရော့ဂျက်သို့ BOT စနစ်ဖြင့် လွှဲပြောင်း ပေးခဲ့သဖြင့် ပဲခူး-သနပ်ပင်-ခရမ်း-သုံးခွ-သန်လျင် ကားလမ်းကို အဆင့်မြှင့်တင်ပြုပြင်၍ နိုင်လွန်ကတ္တရာများ ခင်းနေကြောင်း သတင်းစကားကြားရသဖြင့် သတင်းဆောင်းပါး ရေးသားနိုင်ရန် ကျွန်တော်သည် ဓာတ်ပုံသတင်းထောက် ကျော်မိုးလွင်နှင့်အတူ ခရမ်းမြို့သို့ သွားရောက်ခဲ့သည်။

ထိုနေ့က ကျွန်တော်တို့ကားလေးသည် သန်လျင်တံတားအမှတ်(၁)မှ မောင်းခဲ့ပြီး ဘုရားလမ်း၊ ဘုရားကုန်း၊ တာဝ၊ သူဌေးကွင်း၊ ကရင်ဆိပ်၊ ပုလဲ၊ သုံးခွအထိ တောက်လျှောက်မောင်းခဲ့ရာ လမ်းများက ပြုပြင်ဆဲနေရာများမှလွဲ၍ ကောင်းမွန်နေ၏။ ထို့ကြောင့် ကားပေါ်တွင် အတူပါလာသော မက်စ်မြန်မာ ဟိုင်းဝေးပရော့ဂျက်မှ ဒါရိုက်တာ ဦးကျော်စိုးအား ပဲခူး-သနပ်ပင်-ခရမ်း-သုံးခွ-သန်လျင် ကားလမ်းအား ဆောင်ရွက်မည့်အစီအစဉ် အား မေးမြန်းကြည့်ခဲ့ရာ အောက်ပါအတိုင်း သိရှိခဲ့ရသည်။

Max Myanmar Highway Project သည် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းနှင့် ချုပ်ဆိုခဲ့သော စာချုပ်အရ ပဲခူး-သနပ်ပင်-ခရမ်း-သုံးခွ-သန်လျင်လမ်းပိုင်းအား ၂၀၁၀ ခုနှစ် ဧပြီ ၁၇ ရက်တွင် လမ်းပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ စတင်တာဝန်ယူဆောင်ရွက်ခဲ့ရာ ၂၀၁၁ ခုနှစ် မတ် ၃၁ ရက်အထိ ၎င်းလမ်းပိုင်းအတွက် ငွေ ၃၉၂၄၄၀၅၃၈ ကျပ် ကုန်ကျခံ၍ ဆောင်ရွက်ခဲ့သည်ဟု သိရသည်။

ထိုသို့ ပြုပြင်ခြင်းဆောင်ရွက်လျက်ရှိရာမှ ၂၀၁၁ ခုနှစ်တွင် ရန်ကုန်တိုင်းဒေသကြီး၌ မိုးသည်းထန်စွာ ရွာသွန်းပြီး ရေ နှစ်ကြိမ်ကြီးမှုကြောင့် ပဲခူး-သနပ်ပင်-ခရမ်း-သုံးခွလမ်းမှာ များစွာ ပြန်လည်ပျက်စီးခဲ့ရသည်။ သို့သော် ၂၀၁၁ ခုနှစ် မိုးတွင်းကာလ လမ်းများ ရေကျော်ပြီး ရေပြန်ကျသည့်အချိန်မှ စတင်၍ လမ်းပြုပြင်ခြင်း လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ခဲ့ရာ ၂၀၁၁ ခုနှစ် ဒီဇင်ဘာလအထိ ငွေ ၁၁၁၆၉၄၇၅၇ ကျပ်ကျော် ထပ်မံအကုန်အကျခံ၍ ပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းအား ဆောင်ရွက်ခဲ့သည်ဟု သိရသည်။

Max Myanmar Highway Project အနေဖြင့် ပဲခူး-သနပ်ပင်-ခရမ်း-သုံးခွ-သန်လျင်လမ်းအတွက် ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်တွင် ငွေကျပ်သိန်းပေါင်း ၄၀၀၀ သုံးစွဲရန် လျာထားပြီး ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် ငွေကျပ်သိန်း ၈၀၀၀၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ငွေကျပ်သိန်း ၃၀၀၀ စုစုပေါင်း သုံးနှစ်အတွင်း ငွေကျပ်သိန်း ၁၅၀၀၀ သုံးစွဲအကုန်ကျခံပြီး ပြုပြင်ထိန်းသိမ်းခြင်းနှင့် လမ်းအဆင့်မြှင့်တင်ခြင်း လုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ယခုအခါ ပဲခူး-သနပ်ပင်-ခရမ်း-သုံးခွ-သန်လျင်ကားလမ်းအား ၂၀၁၁ ဒီဇင်ဘာ ၅ ရက်မှစ၍ လမ်းမျက်နှာပြင် ညှိလွှာခင်းခြင်းလုပ်ငန်းအား ဆောင်ရွက်လျက်ရှိရာ သုံးခွမြို့တွင်း၊ သုံးခွမြို့နှင့် ခရမ်းမြို့ကြားတွင် လမ်းအဖွဲ့ ခုနစ်ဖွဲ့၊ လုပ်သားအင်အား ၂၀၀ ဖြင့် လမ်းပိုင်းအား အမြန်ပြီးပြတ်ရေး ဆောင်ရွက်လျက်ရှိရာ ခရမ်းမြို့အဝင်အတွင်း နိုင်လွန်ကတ္တရာခင်းခြင်းကို ၁၀ မိုင်အတွက် နိုင်လွန်ကတ္တရာတန် ၅၀၀၀ သုံးစွဲသွားမည်ဖြစ်ပြီး ယင်းလိုအပ်မည့် တန်ချိန်ကို တစ်နေ့တန် ၂၀၀ နှုန်းဖြင့် ၁၁-၁-၂၀၁၂ မှ ၁၅-၂-၂၀၁၂ရက်အထိ ၃၄ ရက်နှင့် အပြီးဆောင်ရွက်သွားမည်ဟု သိရသည်။



ခရမ်း - သုံးခွ လမ်းအား မက်စ်မြန်မာ ဟိုင်းဝေးပရော့ဂျက်မှ နိုင်လွန် ကတ္တရာလမ်းခင်းပေးနေစဉ်။

ရာနှုန်းပြည့်ရင်းနှီးမြှုပ်နှံမှုဖြင့် ဆောင်ရွက်နေသော တိုင်းရင်းသားပိုင်ကုမ္ပဏီတစ်ခုဖြစ်သည့် မက်စ်မြန်မာ ကုမ္ပဏီသည် ဆောက်လုပ်ရေးဝန်ကြီးဌာန၏ လမ်းညွှန်မှုဖြင့် လမ်းပြုပြင်ထိန်းသိမ်းခြင်း၊ လမ်းအဆင့်မြှင့်တင်ခြင်း လုပ်ငန်းများအား ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးများတွင်လည်း ဆောင်ရွက်လျက်ရှိသည်။



သုံးခွ-သန်လျင် လမ်းပိုင်းကို ကတ္တရာခင်းရန် ဤသို့လမ်းကြိတ်စက်ကြီးဖြင့် ဆောင်ရွက်နေစဉ်။

ခရမ်း-သုံးခွလမ်းပိုင်းအား ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်တွင် လမ်းပြုပြင်ထိန်းသိမ်းခြင်းအတွက် ကျပ်သိန်း ၄၀၀၀ အကုန်ကျခံ၍ ပြုပြင်လျက်ရှိပါသော်လည်း သန်လျင်-သုံးခွသို့ တစ်နေ့လျှင် ဖြတ်သန်းယာဉ်ခန့်မှန်း ၂၂၅စီးခန့်နှင့် ခရမ်း-သုံးခွသို့ ဖြတ်သန်းယာဉ်ခန့်မှန်း ၅၀ စီးခန့်သာ သွားလာလျက်ရှိပြီး ခရမ်း-သုံးခွလမ်းပိုင်းတွင် လုပ်ငန်းစတင်ဆောင်ရွက်ချိန်မှစ၍ ယနေ့ထိတိုင် လမ်းအသုံးပြုခအား ကောက်ခံခြင်းမရှိဘဲ မြို့ဝင်ကြေးနှင့် တံတားကြေးသာ ကောက်ခံလျက်ရှိသည်ဟု သိရသည်။

မက်စ်မြန်မာကုမ္ပဏီသည် သန်လျင်-သုံးခွလမ်းပိုင်းအား ငွေကြေးအကုန်အကျများစွာ လျာထားကျခံ ဆောင်ရွက်နေသော်လည်း လမ်းအဆင့်မြှင့်တင်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်း အသုံးစရိတ်များ၊ ပေးသွင်းထားသော လေလံကြေးများနှင့် ပြန်လည်ရရှိမည့် လမ်းအသုံးပြုခ ကောက်ခံရရှိမှုအား ချိန်ဆပါက အရင်းကျေကာလမှာ ခန့်မှန်းအနည်းဆုံးနှစ် ၈၀ ခန့် ကြာမြင့်မည်ဖြစ်သည်ဆို၏။

သန်လျင်-သုံးခွ-ခရမ်းလမ်းပိုင်းအား သုံးနှစ်အတွင်း လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းအား ကုန်ကျငွေကျပ်သိန်းပေါင်း ၁၅၀၀၀ သုံးစွဲဆောင်ရွက်သွားမည်ဖြစ်သော်လည်း ကုမ္ပဏီအနေဖြင့် အကျိုးအမြတ်ရရှိရေးအား ဦးတည်ဆောင်ရွက်နေခြင်း မဟုတ်ဘဲ ဒေသဖွံ့ဖြိုးရေး၊ ဒေသခံပြည်သူများ သွားလာမှုအဆင်ပြေချောမွေ့စေရေး စေတနာထားပြီး ဆောင်ရွက်နေခြင်းဖြစ်သည်ဟု သိရှိခဲ့ရသည်။

ယခင်က အလွန်ကြမ်းတမ်းသော ခရမ်း-သုံးခွ-သန်လျင်ကားလမ်းမှာ ယခုအခါ ချောမွေ့စပြုလာနေပြီး အထူးသဖြင့် ခရမ်းမှ သုံးခွအထိ နိုင်လွန်ကတ္တရာများခင်းနေပုံကို ခရမ်းမြို့အဝင်နှင့် သုံးခွမြို့အဝင်တို့တွင် တွေ့ခဲ့ရသည်။ ထို့ကြောင့် မက်စ်မြန်မာကျေးဇူးဖြင့် ခရမ်း-သုံးခွ-သန်လျင်ကားလမ်းသည် သွားလမ်းသာ၍ လာလမ်းဖြောင့်တော့မည် ဖြစ်ပါကြောင်းကို ကွင်းဆင်းသွားရောက်လေ့လာ၍ ဂုဏ်ပြုရေးသားလိုက်ရခြင်းဖြစ်ပါသည်။ ။

# ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန အဆင့်မြင့်လူမှုဆက်သွယ် အင်္ဂလိပ်ဘာသာစကားသင်တန်း သင်တန်းဆင်းပွဲအခမ်းအနား ကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၃

**ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနက ကြီးကြပ်၍ ဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း (နေပြည်တော်ဇုန်)၏ ဦးဆောင်မှုဖြင့် နေပြည်တော်ဟိုတယ်ဇုန်၌ ဖွင့်လှစ်သင်ကြားပေးခဲ့သည့် အဆင့်မြင့်လူမှုဆက်သွယ် အင်္ဂလိပ်ဘာသာစကားသင်တန်း (Advanced Communicative English Course) သင်တန်းဆင်းပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂ ရက် ညနေ ၅ နာရီတွင် နေပြည်တော်ဟိုတယ်ဇုန်ရှိ အမရဟိုတယ်၌ကျင်းပရာ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဌေးအောင် တက်ရောက်၍ သင်တန်းဆင်းအမှာစကားပြောကြားသည်။**

ဒုတိယဝန်ကြီးက ပြောကြားရာတွင် နေပြည်တော်သည် မြန်မာနိုင်ငံ၏ မြို့တော်ဖြစ်၍ နိုင်ငံတော်အဆင့်အစည်းအဝေးများ၊ အခြားနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ရသည့်အစည်းအဝေးများ၊ ပြပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲနှင့်ကွန်ဖရင့်များကို ယခုအချိန်အခါတွင် စဉ်ဆက်မပြတ် လုပ်ကိုင်ဆောင်ရွက်လျက်ရှိရာ နိုင်ငံတကာနှင့်ဒေသတွင်းအဖွဲ့အစည်းများနှင့် အဆင်ပြေလွယ်ကူစွာ ဆက်သွယ်ဆောင်ရွက်နိုင်ရန် အရေးကြီးကြောင်း၊ ယင်းသို့လုပ်ကိုင်ရာတွင် အင်္ဂလိပ်ဘာသာစကားပြောအရည်အချင်းရှိပြီးသူ ဌာနဝန်ထမ်းများနှင့် နေပြည်တော်ရှိ ဟိုတယ်များမှဝန်ထမ်းများအား ပိုမိုကျွမ်းကျင်အောင် ယခုကဲ့သို့ သင်ကြားလေ့ကျင့်ပေးခြင်း ဖြစ်ကြောင်း၊

ဤသင်တန်းတွင် ပြည်ပမှလာရောက်သင်ကြားပေးသည့် ဆရာမများထံမှ လေ့လာမှုနည်းလမ်းများအား စနစ်တကျမှတ်သားသင်ယူခဲ့ပြီးဖြစ်၍ မိမိ၏ အရည်အချင်းနှင့် အရည်အသွေးကို ယခုထက်ပိုမိုတိုးတက်အောင် မြှင့်တင်ပြီး မိမိလုပ်ငန်းခွင်အတွင်း အားကိုးယုံကြည်ရသော ဝန်ထမ်းကောင်းများဖြစ်အောင် ကြိုးစားဆောင်ရွက်သွားရန်လိုအပ်ကြောင်းဖြင့် မှာကြားသည်။

ထို့နောက် သင်တန်းတွင် ထူးချွန်ဆုရ သင်တန်းသား၊ သင်တန်းသူ လေးဦးအား ဒုတိယဝန်ကြီးက သင်တန်းဆင်းလက်မှတ်များ ပေးအပ်ချီးမြှင့်ပြီး သင်တန်းနည်းပြဆရာမများဖြစ်ကြသော USA English Language Institute, Fort Collins, Colorado မှ Ms. Linda Doeden နှင့် Ms. Aleta Loftis တို့အား ဂုဏ်ပြုလက်ဆောင်များပေးအပ်သည်။

ယင်းနောက် အထွေထွေမန်နေဂျာ ဦးဟန်ထွန်းက သင်တန်းသား သင်တန်းသူများကိုယ်စား သင်တန်းသားကိုယ်စားလှယ် တစ်ဦးအား သင်တန်းဆင်းအောင်လက်မှတ်များပေးအပ်ပြီး သင်တန်းသား သင်တန်းသူများက အင်္ဂလိပ်ဘာသာစကားပြောစွမ်းရည် သရုပ်ပြသခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



**ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဌေးအောင် အဆင့်မြင့်လူမှုဆက်သွယ် အင်္ဂလိပ်ဘာသာ စကားသင်တန်းတွင် ထူးချွန်ဆုရ သင်တန်းသားတစ်ဦးအား သင်တန်းဆင်းလက်မှတ် ပေးအပ်ချီးမြှင့်စဉ်။** (သတင်းစဉ်)



# နေပြည်တော် ဇမ္ဗူသီရိမြို့နယ်၌ အထူးကုဆရာဝန်ကြီးများ ကျန်းမာရေးကွင်းဆင်းကုသပညာပေး

**နေပြည်တော် ဖေဖော်ဝါရီ ၃**

နေပြည်တော်ကောင်စီ၏စီစဉ်မှုဖြင့် နေပြည်တော်ခုတင်(၂၀၀)ဆံ့ပြည်သူ့ဆေးရုံကြီးမှ ကွင်းဆင်း/ကုသ/ပညာပေး အထူးကုဆရာဝန်ကြီးများအဖွဲ့သည် ယနေ့နံနက် ၈ နာရီတွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ရွှေကြာပင်ရပ်ကွက်ဆေးခန်း၌ ရပ်ကွက်(၃)ရပ်ကွက်နှင့် ကျေးရွာ ၁၃ ရွာတို့မှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုဆောင်ရွက်ပေးကြသည်။

ယင်းသို့ဆောင်ရွက်ပေးရာတွင် နေပြည်တော်ကောင်စီဝင်များဖြစ်ကြသော ဒေါက်တာပိုင်စိုး၊ ဦးမျိုးညွန့်နှင့် တာဝန်ရှိသူများသည် အထူးကုဆရာဝန်ကြီးများနှင့် တိုင်းရင်းဆေးကုသရေးအဖွဲ့တို့၏ ဒေသခံပြည်သူများအား ရောဂါရှာဖွေစမ်းသပ်မှုများနှင့် ဆေးဝါးကုသပေးနေမှုများကို ကြည့်ရှုအားပေးကြသည်။ **(ဓါတ်ပုံ)**

ဇမ္ဗူသီရိမြို့နယ်၌ အထူးကုဆရာဝန်ကြီးများအဖွဲ့ ၁၀ ဖွဲ့နှင့် တိုင်းရင်းဆေးကုသရေးအဖွဲ့တို့သည် ဝေဒနာရှင်များအား နေပြည်တော်ကောင်စီ၏ အစီအစဉ်ဖြင့် ဆေးဝါးကုသမှုပေးခြင်း၊ မျက်စိဝေဒနာရှင်များအား အခမဲ့ ခွဲစိတ်ကုသပေးပြီး မျက်မှန်များတပ်ဆင်ပေးခြင်းနှင့် အရေးပေါ်လူနာများအား နေပြည်တော်ခုတင် (၁၀၀၀) ဆံ့ပြည်သူ့ဆေးရုံကြီးနှင့် ဇီဝိတဒါနခုတင်(၁၀၀၀)ဆေးရုံတို့သို့ ဆက်လက်ပို့ဆောင်ပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါအထူးကုဆရာဝန်ကြီးများအဖွဲ့သည် နေပြည်တော်ကောင်စီ၏ စီစဉ်မှုဖြင့် ကျန်မြို့နယ် ခုနစ်မြို့နယ်သို့ ဆက်လက်ကွင်းဆင်းကုသပေးမည်ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

# ဘာစီလိုနာအနိုင်ရရေးတွင် မက်ဆီသာအဓိကဆိုသည်ကို သီယာဂိုငြင်းဆို

ဘာစီလိုနာ ဖေဖော်ဝါရီ ၃

**စပိန်ကလပ် ဘာစီလိုနာအသင်းသည် ၎င်းတို့ အောင်မြင်မှုရရှိရေးတွင် အာဂျင်တီးနားနိုင်ငံသား တိုက်စစ်မှူး လီယွန်နယ်မက်ဆီ** (အောက်ပုံ)**ကို အဓိကအားမထားသင့်ကြောင်း ဘာစီလိုနာအသင်းကစားသမား သီယာဂိုက ပြောကြားသည်။**

ဘာစီလိုနာအသင်း အနေဖြင့် အာဂျင်တီးနားကစားသမား မက်ဆီကို အားကိုးအားထားပြုရခြင်းမှာ မက်ဆီသည် ၂၀၁၁ ကမ္ဘာ့အကောင်းဆုံးဘောလုံးသမားဆုကို ရရှိထားသူဖြစ်ပြီး ၎င်း၏ ဘောလုံးစွမ်းရည်ပြည့်ဝမှုနှင့်အတူ ၂၀၁၁-၂၀၁၂ ၏ ရှေ့ပိုင်းဖိနပ်ဆုဆန်ခါတင်စာရင်းတွင်လည်း အဆင့်(၃)နေရာတွင် ရပ်တည်ခဲ့ခြင်းတို့ကြောင့်ဖြစ်သည်။



နိုင် လင်း ကြည်

သီယာဂိုက ဘာစီလိုနာအသင်း မက်ဆီအား အားမကိုးသင့်ကြောင်း ပြောဆိုခဲ့ခြင်းမှာလည်း ယခုတစ်ပတ်ယှဉ်ပြိုင်ကစားခဲ့သည့် ကိုပါပြိုင်ဘက် ဗလန်စီယာအသင်းနှင့် တစ်ဂိုး-တစ်ဂိုးဖြင့် သရေကျခဲ့သည့်ပွဲတွင် မက်ဆီ၏ ကန်ချက်များ လွဲချော်ခဲ့ခြင်းကြောင့်ဖြစ်သည်။

***အင်တာနက်။***

# ZAYKABAR MYANMAR OPEN 2012 ဂေါက်သီးရိုက်ပြိုင်ပွဲ ဒုတိယနေ့ (၁၈)ကျင်းပြိုင်ပွဲ ဆက်လက်ကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၃**

မြန်မာပီဂျီအေနှင့် Asian Tour တို့ ပူးပေါင်းကျင်းပသည့် ZAYKABAR MYANMAR OPEN 2012 ဂေါက်သီးရိုက်ပြိုင်ပွဲကို ယနေ့ နံနက် ၆ နာရီ ၄၅ မိနစ်တွင် ရန်ကုန်မြို့ မင်္ဂလာဒုံမြို့နယ်ရှိ Royal Mingalardon Golf & Country Club တွင် ဆက်လက်ကျင်းပသည်။

ဒုတိယနေ့ (၁၈)ကျင်းပြိုင်ပွဲအပြီးတွင် Scott HEND (AUS) က နှစ်ရက်ပေါင်း ၁၃ ချက် လျှော့ရိုက်ပြီး ရိုက်ချက် ၁၃၁ ချက်ဖြင့် ဦးဆောင်ကစားလျက်ရှိသည်။ Kiradech APHIBARNRAT (THA) က နှစ်ရက်ပေါင်း ၁၂ ချက် လျှော့ရိုက်ပြီး ၁၃၂ ချက်ဖြင့် ဒုတိယလိုက်ကာ၊ Chinnarat PHADUNGSIL (THA) နှင့် Ben FOX (USA)တို့က နှစ်ရက်ပေါင်း ၁၁ ချက်စီ လျှော့ရိုက်နိုင်၍ ရိုက်ချက် ၁၃၃ ချက်စီဖြင့် တတိယလိုက်နေသည်။

ဇော်မိုးက နှစ်ရက်ပေါင်း သတ်မှတ်ရိုက်ချက်ထက် ငါးချက်လျှော့ရိုက်ပြီး ၁၃၉ ချက်၊ သိန်းဇော်မြင့်က နှစ်ရက်ပေါင်း သတ်မှတ်ရိုက်ချက်ထက် လေးချက်လျှော့ရိုက်ပြီး ၁၄၀ ချက် ရရှိကြသည်။

အဆိုပါ ပြိုင်ပွဲ၏ Title Sponsor အဖြစ် ZAYKABAR Co., Ltd. က အဓိကကူညီပံ့ပိုးပြီး Presenting Sponsor အဖြစ် Air Bagan က ထပ်မံပံ့ပိုးကူညီကာ Co Sponsor များအဖြစ် A1 Construction Co., Ltd., Alpine Purified Drinking Water, Asia Metal Group of Companies, Srixon, Tiger Beer, Canon and 100plus တို့ဖြစ်ကြပြီး Hole In One Sponsor များအဖြစ် ZAYKABAR Co., Ltd.၊ CEO (Cost Effectiveness Oriented Group Co., Ltd.) နှင့် Aung Hein Min Co., Ltd. (Sumitomo) တို့က ထပ်မံပံ့ပိုးကူညီကြသည်။

တတိယနေ့ (၁၈)ကျင်းပြိုင်ပွဲကို ဖေဖော်ဝါရီ ၄ ရက် နံနက် ၇ နာရီတွင် ယင်းဂေါက်ကလပ်၌ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)



**မန္တလေးမြို့ အောင်မြေသာစံမြို့နယ် ပြည်ကြီးကျက်သရေအရှေ့ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးကကြီးမှူး၍ အားကစားပြိုင်ပွဲများကျင်းပရာ သက်ကြီးရွယ်အိုများ ကျန်းမာကြံ့ခိုင်ရေးနှင့် မြန်မာ့ရိုးရာအားကစား မတိမ်ကောစေရေးအတွက် ရပ်ကွက်နေ သက်ကြီးရွယ်အိုများ ခြင်းလုံးခတ်ယှဉ်ပြိုင်ကစားကြသည်ကို တွေ့ရစဉ်။** (၃၈၇)

**ရန်ကုန်မြို့ လသာမြို့နယ် စဥ့်အိုးတန်းလမ်း (အလယ်) ၏ (၇)ကြိမ်မြောက် တရုတ် ရိုးရာ ခြင်္သေ့၊ နဂါး အက အလှသရုပ် ပြပွဲနှင့် စွမ်းရည်ပြပွဲကို ဇန်နဝါရီ ၂၄ ရက်မှ ၂၈ ရက်အထိ ကျင်းပရာ ပြိုင်ပွဲတွင် ခြင်္သေ့အကအဖွဲ့တစ်ဖွဲ့ စွမ်းရည်ပြသနေစဉ်။** (၆၈၁)



# တမူးမြို့၌ ပေါက်ကွဲမှုတစ်ခုဖြစ်ပွား၊ ကလေးငယ်တစ်ဦးသေဆုံးပြီး တစ်ဦးဒဏ်ရာများရရှိ

နေပြည်တော် ဖေဖော်ဝါရီ ၃

**စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့၌ ပေါက်ကွဲမှုတစ်ခုဖြစ်ပွားရာ ကလေးငယ်တစ်ဦးသေဆုံးပြီး ကလေးငယ်တစ်ဦး ဒဏ်ရာများရရှိခဲ့ကြောင်း သိရှိရသည်။**

ဖြစ်ပွားပုံမှာ ဇန်နဝါရီ ၃၁ ရက် ညနေ ၃ နာရီခန့်တွင် စန္ဒကူး(၂)ရပ်ကွက်၌ မိခင်ဖြစ်သူ အပြင်သို့ သွားရောက်နေစဉ် သားဖြစ်သူ မောင်ဝင်းကျော် သုံးနှစ်နှင့် သမီးဖြစ်သူ မဝင်းမာဌေး ခုနစ်နှစ်တို့နှစ်ဦး အိမ်အောက်၌ ကစားနေရာမှ မောင်ဝင်းကျော်သည် လူမနေသော ဘေးအိမ်မှ အထုပ်တစ်ထုပ် ကောက်ယူလာပြီး ပုခက်ပေါ်၌ ထိုင်နေသည့် အစ်မဖြစ်သူအား ပစ်ပေါက်လိုက်ကြောင်း၊ အထုပ်မှာ မဝင်းမာဌေးနှင့် နှစ်ပေခွဲခန့်အကွာတွင် ပြုတ်ကျ ပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီး မောင်ဝင်းကျော်၏ ဦးခေါင်းနှင့်ခန္ဓာကိုယ်အနှံ့တွင် ဒဏ်ရာများရရှိကာ ဆေးရုံသို့ပို့ဆောင်၍ ဆေးကုသမှုခံယူနေစဉ် သေဆုံးသွားခဲ့ကြောင်း၊ မဝင်းမာဌေးမှာ ဝမ်းဗိုက်၊ လက်နှင့် ခြေထောက် ဝဲ/ယာတို့၌ ဒဏ်ရာများရရှိသဖြင့် ဆေးရုံသို့ပို့ဆောင်၍ ကုသပေးလျက်ရှိကြောင်း သိရှိရသည်။

အဆိုပါ ဗုံးပေါက်ကွဲမှုဖြစ်ပွားသည့်နေရာသို့ တာဝန်ရှိသူများ သွားရောက်ကြည့်ရှုစစ်ဆေးပြီး အလားတူ ပေါက်ကွဲမှုမဖြစ်ပွားစေရေးအတွက် တမူးမြို့နယ်အတွင်းရှိ ပြည်သူများအား အသိပညာပေး ဆွေးနွေးမှုများ ဆောင်ရွက်ခဲ့ရာ ဖေဖော်ဝါရီ ၂ ရက် နံနက် ၁၀ နာရီခွဲခန့်တွင် တမူးမြို့နေ ဦးထွန်းသိန်းသည် နေအိမ်မှ ပြည်တော်သာရွာလယ်ကွင်းရှိ ကောက်ရိုးများအား နွားလှည်းဖြင့် သယ်ယူရန် လှည်းလမ်းအတိုင်း သွားရောက်စဉ် လမ်းဘေးတောစပ်တစ်နေရာ၌ လက်ပစ်ဗုံးတစ်လုံးအား တွေ့ရှိသဖြင့် တာဝန်ရှိသူများထံ သတင်းပေးပို့ခဲ့ကြောင်း၊ သို့ဖြစ်၍ သွားရောက်စစ်ဆေးကြရာ FUZE M - 213 GOI 4.57 - 75 အင်္ဂလိပ်စာတန်းပါ အမေရိကန်နိုင်ငံလုပ် ပန်းသီးလက်ပစ်ဗုံးတစ်လုံးအား သိမ်းဆည်းရမိခဲ့ကြောင်း သိရှိရသည်။

အများပြည်သူတို့အနေဖြင့် မိမိတို့ပတ်ဝန်းကျင်တွင် မသင်္ကာဖွယ်လူများ၊ ပစ္စည်းများတွေ့ရှိပါက တာဝန်ရှိသူများထံ ဆက်သွယ်သတင်းပို့ကြပါရန်နှင့် မိမိတို့၏ မိသားစုဝင်များ၊ ကလေးငယ်များကိုလည်း မသင်္ကာဖွယ်ပစ္စည်းများ တွေ့ရှိပါက ကိုင်တွယ်ယူဆောင်ခြင်း မပြုကြရေးမှာကြားထားပေးကြရန် သက်ဆိုင်ရာက နှိုးဆော်ထားကြောင်း သိရှိရသည်။ (သတင်းစဉ်)

**အားကစားမြှင့်တင် စိတ်လန်းရွှင်**
**ဆန့်ကျင်မူးယစ်ဆေး**

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ထိုင်းနိုင်ငံအထက်လွှတ်တော်(ဆီးနိတ်) ဥက္ကဋ္ဌအား လက်ခံတွေ့ဆုံ

**နေပြည်တော်  ဖေဖော်ဝါရီ  ၃**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ထိုင်းနိုင်ငံအထက်လွှတ်တော် (ဆီးနိတ်)ဥက္ကဋ္ဌ Gen. Teeradej Meepien အား ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိအဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးလှမြင့်ဦး၊ လွှတ်တော်ကော်မတီ အတွင်းရေးမှူးနှင့် ကော်မတီဝင်များတက်ရောက်ကြပြီး ထိုင်းနိုင်ငံ အထက်လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံ သံရုံးယာယီတာဝန်ခံ Mr. Kallayana Vipattipumiprates တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး ပကတိဖြစ်ပေါ်တိုးတက်မှု၊ လွှတ်တော်အနေဖြင့် ဥပဒေကြမ်းများရေးဆွဲပြဋ္ဌာန်းနေမှု၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးအတွက် ဆောင်ရွက်နေမှု၊ နိုင်ငံတကာလွှတ်တော်များနှင့် ပူးပေါင်းဆောင်ရွက်နေမှု၊ မြန်မာနိုင်ငံအနေဖြင့် ဒီမိုကရေစီအတွေ့အကြုံ နုနယ်သေးသော်လည်း ပြည်သူများအား ဒီမိုကရေစီ အနှစ်သာရများကို အချိန်တိုအတွင်းရရှိအောင် ဖော်ဆောင်ပေးနေမှုများအပေါ် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

ယင်းနောက် ထိုင်းနိုင်ငံအထက်လွှတ်တော်ဥက္ကဋ္ဌသည် ပြည်ထောင်စုလွှတ်တော် ကျင်းပနေမှုကို သွားရောက်ကြည့်ရှုလေ့လာသည်။

(သတင်းစဉ်)

## လက်ခံတွေ့ဆုံ

**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ထိုင်းနိုင်ငံ အထက်လွှတ်တော် (ဆီးနိတ်) ဥက္ကဋ္ဌ Gen. Teeradej Meepien အား နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိအဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။** (သတင်းစဉ်)



# အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် ထိုင်းနိုင်ငံအထက်လွှတ်တော်(ဆီးနိတ်) ဥက္ကဋ္ဌအား လက်ခံတွေ့ဆုံ

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် ထိုင်းနိုင်ငံအထက်လွှတ်တော်(ဆီးနိတ်)ဥက္ကဋ္ဌ Gen. Teeradej Meepien ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံစဉ်။** (သတင်းစဉ်)



**နေပြည်တော်  ဖေဖော်ဝါရီ  ၃**

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်သည် ထိုင်းနိုင်ငံအထက်လွှတ်တော်(ဆီးနိတ်)ဥက္ကဋ္ဌ Gen. Teeradej Meepien ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံပွဲသို့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်နှင့်အတူ ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်း၊ အမျိုးသားလွှတ်တော်ကော်မတီဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး ဧည့်သည်တော် ထိုင်းနိုင်ငံအထက်လွှတ်တော်ဥက္ကဋ္ဌ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံ သံရုံးယာယီတာဝန်ခံ Mr. Kallayana Vipattipumiprates နှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်ဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းပြောကြားပြီး နှစ်နိုင်ငံဆက်ဆံရေး တိုးမြှင့်ရေးနှင့် လွှတ်တော်ဆိုင်ရာများ ပူးပေါင်းဆောင်ရွက်ရေးတို့နှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာဆွေးနွေးကြသည်။ (သတင်းစဉ်)

*ယနေ့သတင်းအညွှန်း*

## နယ်မြေအငြင်းပွားနေသော ဖောက်ကလန်ကျွန်းစုအနီးသို့ ဖျက်သင်္ဘောတစ်စင်းကို ဗြိတိန်ရေတပ်စေလွှတ်မည်

နိုင်ငံတကာသတင်း စာမျက်နှာ - ၄

## မြို့တော်ပေကျင်းရောက် ကမ္ဘာလှည့်များ အင်တာနက်ကို အခမဲ့သုံးခွင့်ရရှိမည်

နိုင်ငံတကာသတင်း စာမျက်နှာ - ၄

ကြော်ငြာ အချပ်ပို ပါရှိ

**ယနေ့ထုတ် ကြေးမုံသတင်းစာတွင် ကြော်ငြာ အချပ်ပို လေးမျက်နှာ ပါရှိပါသည်။**

နိုင်ငံတကာ အားကစားသတင်း   နိုင်ငံတကာ အားကစားသတင်း

## မော်ရင်ဟို ချယ်လ်ဆီးသို့ တစ်ကျော့ပြန်လာမှာလား ...

**လန်ဒန်  ဖေဖော်ဝါရီ  ၃**

ယခင်ချယ်လ်ဆီးနည်းပြဟောင်း ဟိုဆေးမော်ရင်ဟိုသည် ယခုအခါ အသင်းဟောင်းသို့ တစ်ကျော့ပြန်ခြေချရန် စဉ်းစားနေပြီဖြစ်ကြောင်း မော်ရင်ဟိုနှင့်နီးစပ်သော သတင်းရပ်ကွက်အချို့က သတင်းထုတ်ပြန်ခဲ့ကြသည်။ ၎င်းတို့၏အဆိုအရ မော်ရင်ဟိုသည် ယခုနှစ်ဘောလုံးရာသီကုန်ဆုံးချိန်တွင် ယခုလက်ရှိကိုင်တွယ်နေသည့် ရီးယဲလ်မက်ဒရစ်နည်းပြအဖြစ်မှရပ်စဲပြီး ပရီမီယာလိဂ်သို့ တစ်ကျော့ပြန်လာရန် ပြင်ဆင်နေကြောင်း သိရသည်။

ထို့အပြင် ပရီမီယာလိဂ်တွင် စပါယ်ရှယ်ဝမ်းအဖြစ် လူသိများခဲ့သည့် မော်ရင်ဟိုကိုယ်တိုင်ကလည်း ပရီမီယာလိဂ်သို့ပြန်လာလိုကြောင်း ပြောကြားခဲ့ဖူးသည်။ ချယ်လ်ဆီးအသင်းပိုင်ရှင် အေဘရာမိုဗစ်ချ်ကလည်း မော်ရင်ဟိုသာ ပြန်လာမည်ဆိုပါက အသင်းနှင့်ပတ်သက်၍ လုပ်ပိုင်ခွင့်အားလုံးကို ပေးအပ်သွားမည်ဖြစ်ကြောင်း ပြောကြားထားသည်။ မော်ရင်ဟိုသည် ၂၀၀၇ ခုနှစ်က ချယ်လ်ဆီးအသင်း၏ ကစားသမားများရေးရာတွင် ပိုင်ရှင်အေဘရာမိုဗစ်ချ်၏ ဝင်ရောက်စွက်ဖက်မှုကြောင့် ဆက်ဆံရေးအဆင်မပြေဖြစ်ကာ ချယ်လ်ဆီးကို စွန့်ခွာခဲ့ခြင်းဖြစ်သည်။

မော်ရင်ဟိုစွန့်ခွာပြီးနောက် ချယ်လ်ဆီးအသင်းအား အေဗရန့်ဂရန့်၊ စကိုလာရီ၊ ဂူဟာစ်ဒင့်ခ်၊ ကာလိုအန်ဆယ်လော့တီအစရှိသည့် **စာမျက်နှာ ၉ ကော်လံ ၁ သို့**



**အသင်းဟောင်းသို့ တစ်ကျော့ပြန်ခြေချရန် စဉ်းစားနေသည့် မော်ရင်ဟို။**